ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလဆန်း ၂ ရက်၊ သောကြာနေ့၊ (4-7-2008) (၅၇၂၉)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	✳ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသမီးများ၏ ဘဝလုံခြုံမှုနှင့်ဖွံ့ဖြိုးတိုးတက်မှုသည် အေးချမ်းတည်ငြိမ်သည့်အခြေအနေနှင့် ပတ်ဝန်းကျင်ကောင်း၌သာဖြစ်ထွန်းနိုင်
နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော
ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်ရေးသည် မြန်မာအမျိုးသမီးများအပါအဝင် တစ်မျိုးသားလုံး၏အကျိုးစီးပွားဖြစ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုရေး တစ်ခဲနက်ထောက်ခံမှုကိုရရှိသည့်အတွက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် လှိုက်လှဲစွာဂုဏ်ပြု

နေပြည်တော် ဇူလိုင် ၃

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ဦးဆောင်ကျင်းပသည့် မြန်မာအမျိုးသမီးများနေ့ (Myanmar Women's Day) အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်မြို့တော်ခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြိုင်ကြိုင် တက်ရောက်၍ ဂုဏ်ပြုဆုချီးမြှင့်သည်။

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဂုဏ်ထူးဆောင်နာယက ဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကအဖွဲ့ဝင် ဒေါ်ခင်လေးသက်နှင့် နာယကအဖွဲ့ဝင်များ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယကများနှင့် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အထောက်အကူပြုအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ အမျိုးသမီးသံအမတ်ကြီးများ၊ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၏ ဇနီးများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များ၊ အလှူရှင်များ၊ ဆုရပုဂ္ဂိုလ်များနှင့် ၎င်းတို့၏မိသားစုများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးများအဖြစ် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✳

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြိုင်ကြိုင် ၂၀၀၈ခုနှစ် အာဆီယံ အမျိုးသမီး စီးပွားရေးထူးချွန်ဆုရရှိသူ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်မြင့်မြင့်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြိုင်ကြိုင် ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး၌ အောင်မှတ်အများဆုံး ရရှိခဲ့သည့် ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူ မခင်မြတ်နိုးထွန်းအား ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်းအတွင်းရှိ ဖွင့်လှစ်ရန်ကျန်ရှိသည့် အခြေခံပညာကျောင်းများအားလုံး ဖွင့်လှစ်ပြီးဖြစ်
ကျောင်းသုံးစာအုပ်များ ကျောင်းဖွင့်ချိန်အမီ ကျောင်းသား၊ကျောင်းသူများလက်ဝယ်အရောက် ဖြန့်ဝေပေးပြီးဖြစ်

နေပြည်တော် ဇူလိုင် ၃

ဧရာဝတီတိုင်းအတွင်း နာဂစ်မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားခဲ့သော အခြေခံပညာကျောင်းများအနက် ဖွင့်လှစ်ရန်ကျန်ရှိသည့် အခြေခံပညာကျောင်းများ အားလုံးကို ဇွန် ၂၅ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။

ကျေးရွာများ ပြန်လည်တည်ထောင်သည့်နေရာနှင့် အခြေအနေပေါ်မူတည်၍ အဆိုပါကျောင်းများ၏အဆင့်ကို ယခင်ထက်မြှင့်တင်ပေးခဲ့ရာ ယခုအခါ ကျေးရွာများအစီအစဉ်ဖြင့် ကိုယ့်အားကိုယ်ကိုး **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❖

ဂုဏ်ယူစရာ မြန်မာအမျိုးသမီးများနေ့

ခင်လှမြင့်(စီမံ)၏ "ဂုဏ်ယူစရာ မြန်မာအမျိုးသမီးများနေ့"

(ဆောင်းပါး) စာမျက်နှာ-၆

အတည်ပြုချိန် ၂း၅၅

ကြေးမုံ The Mirror
၄-၇-၂၀၀၈
(သောကြာနေ့)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အုတ်တွင်းမြို့နယ်၌ ခပေါင်းရေလှောင်ဆည်ဖွင့်လှစ် စပါးနှင့်သီးထပ်သီးနှံများ တိုးတက်စိုက်ပျိုး

နိုင်ငံတော်အစိုးရက စိုက်ပျိုးရေးကဏ္ဍထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရေးအတွက် စိုက်ပျိုးရေ ရရှိရေးအပါအဝင် လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးနေသည်။

ဘက်စုံရေလှောင်တမံစီမံကိန်းများအပါအဝင် ရေလှဲဆည်၊ ရေထိန်းတံခါးများစွာကို ဒေသ၏ ရေမြေအခြေအနေပေးမှုများနှင့်အညီ တည်ဆောက်ပေးလျက်ရှိရာ ရေသွင်းစိုက်ပျိုးနိုင်သည့် ဧရိယာတိုးတက်များပြားလာသကဲ့သို့ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနိုင်ခြင်း၊ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်ခြင်းစသည့် အကျိုးရလဒ်ကောင်းများလည်း ရရှိနေပြီဖြစ်သည်။

ခပေါင်းဘက်စုံရေလှောင်တမံနှင့် ရေအားလျှပ်စစ်စက်ရုံကို ယခုနှစ်မတ်လအတွင်းက ဖွင့်လှစ်ခဲ့ရာ နေ့စဉ်လျှပ်စစ်ဓာတ်အား ၂၅ မဂ္ဂါဝပ်အထိ ထုတ်လွှတ်ပေးနိုင်လျက်ရှိသည်။ အဆိုပါ လျှပ်စစ်ဓာတ်အားထုတ်လွှတ်မှုအတွက် အသုံးပြုသောရေများကို ခပေါင်းချောင်းတစ်လျှောက်စီးဆင်းစေပြီး ခပေါင်းရေလှဲဆည်ကို တိုးချဲ့တည်ဆောက်ကာ ၎င်းမှတစ်ဆင့် စိုက်ပျိုးရေပေးဝေနိုင်ရေး စီမံဆောင်ရွက်ခဲ့သည်။

ခပေါင်းရေလှဲဆည်သည် ပဲခူးတိုင်း အုတ်တွင်းမြို့နယ်တွင် တည်ရှိပြီး ဇွန်လ ၂၈ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။ တောင်ငူနှင့် အုတ်တွင်းမြို့နယ်တို့အတွင်းရှိ ကျေးရွာအုပ်စု ခြောက်ဆယ်ကျော်သည် ခပေါင်းရေလှောင်တမံ၏ ဆည်ရေသောက်ဒေသများဖြစ်ပြီး မိုးစပါးဧကကိုးသောင်းကျော်၊ နွေစပါးဧကခြောက်ထောင်ကျော်နှင့် ကြံ၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ စိုက်ပျိုးလျက်ရှိသည်။

ယခုအခါ ခပေါင်းရေလှဲဆည် တိုးချဲ့တည်ဆောက်ပြီးစီးသွားသည့်အတွက် လာမည့်ပွင့်လင်းရာသီတွင် နွေစပါးဧက ၁၀၀၀၀ ခန့်ကို စိုက်ပျိုးရေပေးနိုင်မည်ဖြစ်သည်။ ခပေါင်းရေလှောင်တမံနှင့် ရေလှဲဆည်တို့မှ ဆည်ရေကို အသုံးပြု၍ မိုးစပါး၊ နွေစပါး၊ ကြံ၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံသီးထပ်ဧက လေးသောင်းကျော် တိုးချဲ့စိုက်ပျိုးလာနိုင်မည်ဖြစ်သည်။

ခပေါင်းရေလှဲဆည်သည် နိုင်ငံတစ်ဝန်း တည်ဆောက်ပြီးစီးခဲ့သည့် ၂၁၂ ခုမြောက် ဆည်မြောင်းစီမံကိန်းဖြစ်ပြီး ပဲခူးတိုင်း၏ ၄၆ ခုမြောက်ဆည်ဖြစ်သည်။ ယင်းကဲ့သို့ ဆည်တမံများ နှစ်စဉ်တိုးချဲ့ တည်ဆောက်ပေးနိုင်မှုကြောင့် ရေသွင်းစိုက်ပျိုးနိုင်သော ဧရိယာများတိုးတက်များပြားလာလျက်ရှိရာ ဒေသခံ တောင်သူလယ်သမားများကလည်း နွေစပါးနှင့် သီးထပ်သီးနှံများ တိုးချဲ့စိုက်ပျိုးသွားနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ပါသည်။ ။

ရန်ကုန်တိုင်း လှိုင်မြို့နယ် (၁၆)ရပ်ကွက် မေတ္တာဝါဒီ ဟသ်ာတ ပရဟိတကျောင်းတိုက်ကြီး၌တည်ဆောက်လျက်ရှိသောကိုးထပ်ကျောင်းဆောင်သစ်ကြီး၏ ဂန္ဓကုဋိတိုက်တွင် အသုံးပြုရန်အတွက် နှစ်ဖက်မိဘများအားရည်စူး၍ ကြည့်မြင်တိုင်မြို့နယ် အုန်းပင်လမ်းနေ (ဗိုလ်မှူးချုပ်စိုးမြင့်)-ဒေါက်တာညွန့်ညွန့် မိသားစုက အလှူငွေကျပ် ၁၀ သိန်းကို ဆရာတော် ဘဒ္ဒန္တသီလာနန္တအား လှူဒါန်းစဉ်။

(က-ပ)

ကျိုက်ဝိုင်းစေတီတော် ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၃

သမိုင်းဝင်အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယ ဆရာတော်များထံမှ ဩဝါဒခံယူ၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါဆိုသင်္ကန်းကပ်လှူပွဲကို (၁၃၇၀ ပြည့်နှစ် ဝါဆိုလဆန်း ၁၁ရက်) ဇူလိုင် ၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။စေတနာရှင်၊ အလှူရှင်များအနေဖြင့် ဝါဆိုသင်္ကန်းများ၊ ဆွမ်းကွမ်း ဝေယျာဝစ္စများ လှူဒါန်းလိုပါက စေတီတော်ဂေါပကအဖွဲ့ရုံး ဖုန်း-၆၆၀၀၀၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်ထားသည်။

(ကြေးမုံ)

လှိုင်းဘုန်းကျေးရွာ ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၃

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင်၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် မော်လမြိုင်ကျွန်းမြို့၌ အခြေပြုလျက်ရှိရာမှ ဇွန် ၃၀ ရက် နံနက် ၇ နာရီတွင် လပွတ္တာမြို့နယ် လှိုင်းဘုန်းကျေးရွာသို့ ရောက်ရှိပြီး လှိုင်းဘုန်းကျေးရွာ၌ ကျေးရွာပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးလျက်ရှိသော ဘားအံခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာဇော်မင်းအောင် ဦးစီးသည့် ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ အသင်းဝင် ၁၂ ဦး၊ ရခိုင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ၁၂ ဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ၁၂ ဦး၊ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ငါးဦး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ နှစ်ဦး စုစုပေါင်း ၄၃ ဦး ပါဝင်သည့် လုပ်အားပေးအဖွဲ့ဝင်များအား နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ဆက်လက်၍ဝန်ကြီးသည်ရန်ကုန်မြို့ ပင်လုံ အထူးကုဆေးခန်းနှင့် ရွှေဂုံတိုင် အထူးကုဆေးခန်းတို့မှ လှိုင်းဘုန်းကျေးရွာ၌ ဆေးခန်းများဖွင့်လှစ်၍ ဆေးဝါးကုသခြင်းနှင့် ကျန်းမာရေး စောင့်ရှောက်မှုများပြုလုပ်ပေးနေသောဒေါက်တာစန်းစန်းဝင်း ဦးစီးသည့် ဆရာဝန် ရှစ်ဦး၊ သူနာပြု ၁၂ ဦး ပါဝင်သောကျန်းမာရေးအဖွဲ့များအား တွေ့ဆုံ အားပေးစကား ပြောကြားသည်။

ထို့နောက် ဝန်ကြီးသည် လှိုင်းဘုန်းကျေးရွာ တွဲဖက်အထက်တန်းကျောင်းဝင်းအတွင်းရှိ ယာယီရှင်းလင်းဆောင်၌ ကျေးရွာပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။ ယင်းနောက် ဝန်ကြီးက လှိုင်းဘုန်းကျေးရွာအုပ်စုနှင့် ပတ်ဝန်းကျင်ကျေးရွာအုပ်စုများဖြစ်သော ရေတွင်းကုန်း၊ အလယ်ရေကျော်၊ ပက်ပြဲ၊ တဇောင်း၊ ဖျာလိပ်၊ မြစ်ကြီးဘိုး၊ တပ်ကွင်းနှင့် ကျွန်းချောင်းကျေးရွာအုပ်စုများရှိ လေဘေးသင့်ပြည်သူများအတွက် တာပေါ်လင်၊ မိုးကာတဲ၊ ဆား၊ ခေါက်ဆွဲခြောက်၊ အဝတ်အထည်များ၊ စားသောက်ဖွယ်ပစ္စည်းများ၊ မုန့်မျိုးစုံနှင့် လူသုံးကုန်ပစ္စည်းများစသည့် ထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေး ပစ္စည်းများကို ကျေးရွာအလိုက် ခွဲဝေပေးသည်။

ထို့နောက် ဝန်ကြီးသည် လှိုင်းဘုန်းကျေးရွာ တွဲဖက်အထက်တန်းကျောင်း၌ တက်ရောက်သင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ Original Group ကုမ္ပဏီမှ လှူဒါန်းသော ဗလာစာအုပ်များကို ကျောင်းသား၊ကျောင်းသူများလက်ဝယ်အရောက်ပေးအပ်သည်။လှိုင်းဘုန်းကြီးကျေးရွာ တွဲဖက် အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူ ၁၀၇၄ ဦး တက်ရောက်လျက်ရှိပြီး Original Group ကုမ္ပဏီက ကျောင်းဆောင်များ ပြုပြင်ခြင်း၊ သံကူကွန်ကရစ် နှစ်ထပ်ကျောင်းဆောင်အသစ်တည်ဆောက်ခြင်းတို့ဆောင်ရွက်လျက်ရှိကာ ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်ဒါဇင် ၃၀၀၊ ကွန်ပါဘူး ၁၈၅ ဘူး၊ ဆရာ၊ ဆရာမများ အပါအဝင် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းစိမ်းဝတ်စုံ ၂၂၂ ထည် လှူဒါန်းခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဝန်ကြီးသည် လှိုင်းဘုန်းကျေးရွာ တွဲဖက်အထက်တန်းကျောင်းဆောင်များ ပြုပြင်ပြီးစီးမှုအခြေအနေများ၊ ပြုပြင်ဆဲကျောင်းဆောင်များ၊ ပြုပြင်ဆောက်လုပ်မှုအခြေအနေများကို လည်းကောင်း၊ လေဘေးသင့် ပြည်သူများအတွက် နိုင်ငံတော်မှ တည်ဆောက်ပေးမည့် အခိုင်အမာနေအိမ်အလုံး ၉၀ တည်ဆောက်မည့်မြေနေရာသို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လှိုင်းဘုန်းကျေးရွာ၌ ဖြန့်ဝေထားသော လက်တွန်း လယ်ထွန်စက်များဖြင့် လယ်မြေများထွန်ယက်မှုကို ကြည့်ရှုအားပေးကာ လှိုင်းဘုန်းကျေးရွာအတွင်း လှည့်လည်ကြည့်ရှု၍ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ယင်းနောက် ဝန်ကြီးသည် လှိုင်းဘုန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးနှင့်အတူလိုက်ပါလာသောမော်လမြိုင်ကျွန်းမြို့နယ် ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာ အောင်ဆန်းက လှိုင်းဘုန်းကျေးရွာကျေးလက်ကျန်းမာရေးဌာနအတွက် ဆေးဝါးပစ္စည်းများကို လွှဲပြောင်းပေးအပ်သည်။ ထို့နောက် ဝန်ကြီးသည် လှိုင်းဘုန်းကြီးကျေးရွာ ရဲတပ်ဖွဲ့စခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် လှိုင်းဘုန်းကျေးရွာအုပ်စုနှင့်ပတ်ဝန်းကျင်ကျေးရွာများသို့ ဖြန့်ဝေပေးရန် ရောက်ရှိနေသော လက်တွန်းလယ်ထွန်စက်များကို စက်မှုလယ်ယာဦးစီးဌာနနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက စုပေါင်းတပ်ဆင်နေမှုအခြေအနေများကို ကြည့်ရှုအားပေးကာလှိုင်းဘုန်းကျေးရွာ ဓမ္မိစ္ဆိတာရုံဘုန်းတော်ကြီးကျောင်း ဆရာတော် ဘဒ္ဒန္တသုမင်္ဂလနှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင်၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး နှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် လပွတ္တာမြို့နယ် လှိုင်းဘုန်းကျေးရွာတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးလျက်ရှိသော ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ဧရာဝတီတိုင်းတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။

(နယ်စပ်/စည်ပင်)

အရိယမဂ္ဂင်ကျောင်းတိုက် ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၃

ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ပင်ရွှေညောင်လမ်းရှိ အရိယမဂ္ဂင် ကမ္မဋ္ဌာန်းကျောင်းတိုက်ဆရာတော်ကြီး ဘဒ္ဒန္တနန္ဒိယအားအမှူးထား၍ကျောင်းတိုက်အကျိုးဆောင်အဖွဲ့မှ ဦးဆောင်ပြီး စေတနာရှင် တပည့် ဒါယကာ၊ ဒါယိကာမများစုပေါင်း၍ ကျောင်းရှိသံဃာတော် ပင့်သံဃာတော် ၅၆ ပါးတို့အား (၃၅)ကြိမ်မြောက်ဝါဆိုသင်္ကန်းကပ်လှူပွဲကို(၁၃၇၀ပြည့်နှစ် ဝါဆိုလပြည့်နေ့) ဇူလိုင် ၁၇ ရက် (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ကျောင်းတိုက်အတွင်းရှိ သုံးထပ်ဆောင်ခန်းမကြီး၌ ကျင်းပမည်ဖြစ်ရာ ဝါဆိုသင်္ကန်း ဆက်ကပ်လိုသူများသည် ကျောင်းတိုက်အကျိုးဆောင် ဦးခင်မောင်စိုး၊ ဦးမင်းစိုးမင်းသူ၊ ဦးနိုင်ကိုဦး တို့သို့ ဆက်သွယ်၍ ကြိုတင်စာရင်းပေးနိုင်ကြောင်း သိရသည်။

(က-ပ)

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဦးဝိစာရလမ်းနေ ဆရာမကြီး ဒေါ်စောမုံညင်းက လေးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ဧရာဝတီတိုင်းအတွင်းရှိ လမ်း-တံတားတည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ဇွန် ၃၀ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် မြောင်းမြမြို့မှထွက်ခွာပြီး ပုသိမ်-မြောင်းမြလမ်းပေါ်ရှိ မြောင်းမြတံတားနှင့် ပမ္မဝတီတံတား (မြင်းကဆိပ်)တို့၏ ကြံ့ခိုင်မှုအခြေအနေနှင့် ရန်ကုန်-ပုသိမ်လမ်းပေါ်ရှိ ဗိုလ်မြတ်ထွန်းတံတား ကြံ့ခိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး မအူပင်မြို့သို့ ရောက်ရှိသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် မအူပင်မြို့မှတစ်ဆင့် ဧရာဝတီတိုင်း မြစ်ဝကျွန်းပေါ်ဒေသ လမ်းကွန်ရက် ဖွံ့ဖြိုးတိုးတက်မှု စီမံချက်တွင် ပါဝင်သည့် မအူပင်-ရေလဲကလေး-ရွှေတောင်မော်- ကျိုက်ပိ- မော်လမြိုင်ကျွန်းလမ်းကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးပြီး လမ်းဆောက်ရေး စီမံကိန်း အထူးအဖွဲ့(၄) ရှင်းလင်းဆောင်၌ ဝန်ကြီးအား တာဝန်ခံ အင်ဂျင်နီယာက လမ်းလုပ်ငန်းအပိုင်းအလိုက်စက်ယန္တရားများဖြင့် တာပေါင်မြှင့်တင်မှုလုပ်ငန်း ဆောင်ရွက်ခြင်းနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကိုရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက မိုးရာသီအတွင်း အခြေအနေပေးသည်နှင့် လုပ်ငန်းများဆောင်ရွက်၍ ရနိုင်သမျှဆောင်ရွက်ရန်၊ မြေကြီးကော်တင်စက်များဖြင့် လုပ်ငန်းခွင်အတွင်း ထိရောက်စွာ အသုံးပြုရန်နှင့် လုပ်ငန်းတိုးတက်မှုရှိအောင် အရှိန်အဟုန်ဖြင့် တွန်းအားပေးဆောင်ရွက်ရန် မှာကြားပြီး စက်ယန္တရားများဖြင့် မြေကြီးတာပေါင် မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မအူပင်- ရေလဲကလေး- ရွှေတောင်မော်- ကျိုက်ပိ- မော်လမြိုင်ကျွန်းလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာပြီး လမ်းတစ်လျှောက် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် မအူပင်တံတားသို့ရောက်ရှိ၍ တံတားရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် တာဝန်ခံ အင်ဂျင်နီယာများကိုယ်တိုင် အမြဲမပြတ် စစ်ဆေးပေးရန် မှာကြားပြီး တံတား၏ ကြံ့ခိုင်မှုအခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း မအူပင်-ရေလဲကလေး-ရွှေတောင်မော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်းအား စက်ယန္တရားများဖြင့် လုပ်ငန်းများဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (ဆောက်လုပ်ရေး)

မြတ်တံခွန်စာသင်တိုက် စတုတ္ထအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၃

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ငါးထပ်ကြီးမြောက်ပိုင်းရပ်ကွက် လိပ်ပြာကန်တိုက်အတွင်းရှိ မြတ်တံခွန်စာသင်တိုက်၌ တရားစခန်းဝင်ယောဂီများ လှူဒါန်းအပ်သော ဓမ္မသနပလ္လင် ရေစက်ချပွဲနှင့် ပုရိမဝါဆိုဝါကပ်တော်မူကြသော သံဃာတော်များ၊ ပင့်သံဃာ ဆရာတော်ကြီးများအား ကျောင်းဒါယိကာမ ဒေါ်ပဝရကာမီ ဦးဆောင်သော ဒါယကာ၊ ဒါယိကာမများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို (၁၃၇၀ ပြည့်နှစ် ဝါဆိုလပြည့်နေ့) ဇူလိုင် ၁၇ ရက် (ကြာသပတေး)နေ့တွင် လှူဒါန်းပူဇော်မည် ဖြစ်ပါသဖြင့် လှူဒါန်းလိုသော အလှူရှင်များ အတူတကွ ကြွရောက် ကြည်ညိုလှူဒါန်းပူဇော်နိုင်ကြောင်းသိရသည်။ (က-ပ)

မုန်တိုင်းဒဏ်ကြောင့် အိုးအိမ်ပစ္စည်းများဆုံးရှုံးသွားသော ပြည်သူများအတွက် နေအိမ်များနှင့် စီးပွားရေးလုပ်ငန်းအထောက်အကူပြုပစ္စည်းများ လှူဒါန်းနိုင်

ရန်ကုန် ဇူလိုင် ၃

မုန်တိုင်းဒဏ်ကြောင့် အိုးအိမ်ပစ္စည်းများဆုံးရှုံးသွားသော ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ၌ နိုင်ငံတော်အစိုးရနှင့်အတူ စေတနာရှင်ပြည်သူများအနေဖြင့် အဖွဲ့အစည်းအလိုက် စုပေါင်း၍ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ အောက်ပါပစ္စည်းများအတွက် ကျသင့်သောအလှူငွေများကို ရန်ကုန်မြို့ မီးသတ်ဦးစီးဌာနရုံးချုပ်ရှိ နာဂစ်မုန်တိုင်းဒဏ်သင့်ဒေသများအတွက် အလှူငွေနှင့်ပစ္စည်းများလက်ခံရေးနှင့် ကြီးကြပ်ရေးအဖွဲ့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်-

	ပစ္စည်း	သင့်ငွေ
၁။	လူနေအိမ်တစ်လုံး	၆၀၀၀၀၀ိ/-
၂။	(၂၁)ပေရှိ ငါးဖမ်းလှေတစ်စင်း(စက်ပါ)	၄၀၀၀၀၀ိ/-
၃။	(၂၁)ပေရှိ ငါးဖမ်းလှေတစ်စင်း(စက်မပါ)	၂၀၀၀၀၀ိ/-
၄။	လက်တွန်းထွန်စက်တစ်စီး	
	(က) လယ်ယာ-၁၆	၁၀၉၀၀၀၀ိ/-
	(ခ) လယ်ယာ-၂၂	၁၅၅၀၀၀၀ိ/-
	(ဂ) ဧရာ-၁	၁၁၂၈၆၀၀ိ/-
၅။	ဓာတ်မြေဩဇာတစ်အိတ်	၁၈၀၀၀ိ/-

(သတင်းစဉ်)

နေရေး၊ စားရေး၊ ထွန်ရေး ကြောင့်ကြမှုကင်းဝေးစွာ အချိန်တိုအတွင်း အောင်မြင်မှုရရှိနေသည့် မော်ကျွန်းမြေ

သတင်းခရီးသည် - သန်းဇော်
ဓာတ်ပုံမှတ်တမ်း - မောင်မောင်သန့်
(မြန်မာ့အလင်း)

မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသသို့ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြမ်းကြမ်းဆိုးကြီး ကျရောက်ခဲ့သည်မှာ နှစ်လပင် ပြည့်ခဲ့ပြီ။ မုန်တိုင်းဒဏ်ကြောင့် ရဟန်းရှင်လူ ပြည်သူတွေ၊ ကျွဲနွား တိရစ္ဆာန်တွေ သေကျေပျက်စီးခဲ့ပြီး အိုးမဲ့အိမ်မဲ့ ကျောင်းမဲ့ဘဝ ရောက်ရသူတွေ၊ မိသားစုဘဝပြိုကွဲပျောက်ဆုံးဘဝပျက်ကြရသူတွေ တမြေ့မြေ့ခံစားနေရာမှ ယခုဆိုလျှင် တည်ငြိမ်စပြုနေပြီဖြစ်သည်။

အနီး လေဘောသင့်ပြည်သူတွေရဲ့ ဘဝကို လူသားချင်း စာနာထောက်

"လာမယ့်နှစ်မှာ ဆန်စပါးအတွက် စိုးရိမ်စရာ မရှိနိုင်ပါဘူး" ဦးဝင်းမြင့် (မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ မော်လမြိုင်ကျွန်းမြို့ နယ်။)

ထားသောစိတ်ဖြင့် နိုင်ငံတကာနှင့် ပြည်တွင်း ပြည်ပ အဖွဲ့အစည်းမျိုးစုံ၊ စေတနာရှင် အလှူရှင်များက ထောက်ပံ့ရေးပစ္စည်းများ၊ အလှူငွေများ စသည်တို့ကို ပံ့ပိုးကူညီပေးလျက်ရှိပေသည်။ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အခြားလူမှုရေးအသင်းအဖွဲ့ အသီးသီးတို့သည်လည်း ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ယနေ့အထိ ကျေးရွာများအရောက် ကူညီပံ့ပိုးပေးလျက်ရှိသည်။

လေဘောသင့် ပြည်သူများ၏ လက်ရှိဘဝဖြစ်ပေါ်နေမှု၊ နိုင်ငံတော်နှင့် အဖွဲ့အစည်းအသီးသီးမှ ပံ့ပိုးကူညီနေမှု အခြေအနေမှန် သတင်းများကို ပြည်သူများထံ တင်ပြနိုင်ရန် လေဘောသင့်ဒေသများမှ မျက်မြင်ကိုယ်တွေ့ သတင်းများ ရရှိရေးအတွက် မြန်မာ့အလင်းသတင်းအဖွဲ့သည် မော်လမြိုင်ကျွန်းမြို့နယ်သို့ ရောက်ရှိ၍ တာဝန်ရှိသူများ၏ ကူညီပံ့ပိုးမှုဖြင့် သတင်းများ ရယူတင်ပြနိုင်ခဲ့ပါသည်။

မော်လမြိုင်ကျွန်းမြို့နယ် လေဘောသင့် ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး ကြီးကြပ်ပံ့ပိုးမှုကော်မတီမှ ဒုတိယဗိုလ်မှူးကြီးထွန်းထွန်းက လေဘောသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ သိလိုသည်များကို စိတ်ရှည်ရှည်နှင့် ရှင်းပြပါသည်။ ကျေးရွာ

"ရောက်ရှိလာတဲ့ ထောက်ပံ့ရေး ပစ္စည်းတွေ ကျေးရွာအရောက် နေ့စဉ်ပို့ဆောင်ပေးပါတယ်" ဒုတိယတပ်ခွဲမှူး တင်စိန် (မော်လမြိုင်ကျွန်းမြို့နယ် ကြက်ခြေနီအသင်း။)

များအရောက် သွားရောက်သတင်းရယူရေးအတွက်လည်း ကူညီပံ့ပိုးပေးပါသည်။

တစ်ရက်တွင်တော့. . . .

"ဒီနေ့ ရှောက်ချောင်းကျေးရွာအုပ်စုတွေကို မြန်မာနိုင်ငံကြက်ခြေနီအသင်းက ပစ္စည်းတွေ ဖြန့်ဖို့သွားလိမ့်မယ်၊ ရာသီဥတုကတော့ မြင်တဲ့အတိုင်းပဲ၊ မိုးတွေရွာနေတယ်၊ ဆရာတို့ လိုက်လို့ဖြစ်ပါ့မလား" ဟု မော်လမြိုင်ကျွန်းမှ သတင်းထောက်

"လေဘောသင့်ဒေသ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေ စဉ်ဆက်မပြတ် လုပ်ဆောင်ပေးနေပါတယ်" ဒုတိယဗိုလ်မှူးကြီး ထွန်းထွန်း (မော်လမြိုင်ကျွန်းမြို့နယ် လေဘောကယ်ဆယ်ရေး၊ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး ကြီးကြပ်ပံ့ပိုးမှုကော်မတီ။)

မော်ကျွန်းမြင့်အောင်က ကျွန်တော်တို့ကို မေးခဲ့ပါသည်။

သတင်းသမားဟူသည် လှိုင်းကြီးကြီး လေထန်ထန် ရေဆန်ပဲတက်ရတက်ရ သတင်းရမည်ဆိုလျှင် သွားရပါမည်။ မော်လမြိုင်ကျွန်းမြို့နယ်သို့ ရောက်လာသည့် အကြောင်းရင်းကပင် လေဘောသင့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လှုပ်ရှားမှုသတင်းများကို ရယူရန်လာခဲ့သည်ဖြစ်၍ လေထန်မိုးသည်းဆင်းရဲသည့်ဒဏ်ကို ရှောင်နေ၍ မဖြစ်ပါ၊ သွားကိုသွားရပါမည်။ ခရီးစဉ်တိုင်းလည်း ပဲ့ထောင်၊ စက်လှေ၊ ဖားကူးသင်္ဘောစသည့် ရေလမ်းခရီး တစ်ခုသာ အားထား၍ သွားနေရသည်။

နောက်ကျောဘက်တွင် ကြက်ခြေနီတံဆိပ်နှင့် 'နာဂစ်'မုန်တိုင်းဒဏ် ခံစားနေရသူများကို ဝိုင်းဝန်းကူညီကြပါစို့ ၂၀၀၈ ဟူသော စာတန်းပါ 'တီရှပ်' ဝတ်ဆင်ထားသည့်ကြက်ခြေနီရဲဘော်နှင့် ရဲမေလေးများသည် ထောက်ပံ့ရေး ပစ္စည်းများကို ကြက်ခြေနီအလံထောင်ထားသော စက်လှေပေါ်သို့ ထမ်းတင်နေသည့် မြင်ကွင်းကို လေးစားစိတ်ဖြင့် ကြည့်နေမိသည်။ နံနက် ၁၀ နာရီခန့်တွင် ကြက်ခြေနီရဲဘော်များနှင့်အတူ မြန်မာ့အလင်းသတင်းအဖွဲ့သည် မော်လမြိုင်ကျွန်းမြို့နယ် ရှောက်ချောင်းကျေးရွာအုပ်စု (ရွာလည်ချောင်း)ကျေးရွာသို့ ဦးတည်ခုတ်မောင်းနေသော စက်လှေဖြင့် လိုက်ပါလာခဲ့သည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ကျေးရွာအရောက် ထောက်ပံ့ရေးပစ္စည်းများ ဖြန့်ဝေပေးစဉ်။

စက်လှေပေါ်၌ ပါလာသော ကြက်ခြေနီတပ်ဖွဲ့မှ ဒုတိယတပ်ခွဲမှူး ဦးတင်စိန်က "ထောက်ပံ့ရေးပစ္စည်းတွေက ခုထက်ထိ အဆက်မပြတ် ရောက်နေတုန်းပါပဲ။ ကျွန်တော်တို့အဖွဲ့ကလည်း ရောက်တာနဲ့ ကျေးရွာတွေကို နေ့စဉ်လိုက် ဖြန့်ဝေတာပါ" ဟု ရှင်းပြသည်။

မိုးကလည်းသည်း၊ လေကလည်း အနည်းငယ်ထန်လာသဖြင့် စက်လှေလေးသည် လူးလွန့်ကာ မြစ်ပြင်ကျယ်ကျယ်မှ ချောင်းလက်တက်အတွင်းသို့ ချိုးဝင်ခုတ်မောင်းကာ ဖြတ်လမ်းမှ လမ်းပြောင်းလိုက်သဖြင့် ပစ္စည်းများ ဖြန့်ဝေမည့် ရွာလည်ချောင်းကျေးရွာသို့ မကြာမီ ရောက်ပါတော့သည်။ စက်လှေပေါ်မှ လှမ်းကြည့်လျှင် တာပေါ်လင်စများဖြင့် မိုးထားသော အိမ်အချို့နှင့် မုန်တိုင်းဒဏ်ကြောင့် ကျိုးပြတ်လဲနေသော ကွမ်းသီးပင်၊ အုန်းပင်များကို တွေ့ရသည်။ ရွာသို့ရောက်လျှင် မိဘမဲ့ ကလေးများ၊ ခင်ပွန်းပျောက်၊ ဇနီးပျောက်၊ ဆွေပျောက် မျိုးပျောက် ဘဝမျိုးစုံကို တွေ့ရသည်။ ကြက်ခြေနီအဖွဲ့မှ လှူဒါန်းသော ရေဘူး၊ အိုးခွက်၊ ပန်းကန်(စတီး)၊ ရေပုံး၊ ဆေး၊ ဖိနပ် စသည်တို့ကို ဖြန့်ဝေပေးရာ လေဘောသင့် ကျေးရွာသားတို့၏ သောကကြားမှ အပြုံးများကို တွေ့ရသည်။

ဤသို့ဖြင့် ပတ်ဝန်းကျင်ကျေးရွာများသို့ ခြေလျင်တစ်ဖုံ စက်လှေတစ်တန်ဖြင့် သတင်းခရီးဆက်ခဲ့ရာ **အချို့ကျေးရွာများတွင် ကျွဲနွား ခွာနာလျှာနာ ရောဂါများရှိလျှင် ကုသရန် လေဘောသင့်ကျေးရွာများသို့ လှည့်လည် သွားလာနေသော တိရစ္ဆာန်ဆေးကု ဆရာဝန်များကိုလည်း တွေ့ရသည်။ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၏ ပြောကြားချက်အရ လေဘောသင့် ကျေးရွာများရှိ ကလေးလူကြီး ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် အခြား မည်သည့် ကူးစက်ရောဂါမှ ဖြစ်ပေါ်ခြင်းမရှိကြောင်း သိရသည်။**

သောက် ရေကန်များလည်း ပြန်လည်ဖော်ထုတ်ပြီးဖြစ်နေ၍ မိုးရေသန့်များပင် ပြည့်နေပြီဖြစ်သည်။ ပံ့ပိုးကူညီသည့် ပစ္စည်းများတွင် ရေသန့်ဆေးပြား၊ ရေသန့်ဘူးများလည်း ပါဝင်နေသဖြင့် ကျန်းမာရေးနှင့် ညီညွတ်သော ရေကို သောက်သုံးနေကြကြောင်း တွေ့ရသည်။

ဆက်လက်ခရီးဆန့်ခဲ့ရာ ဂုံညင်းတန်း ကျေးရွာအုပ်စု ပိုက်ချက်ကျေးရွာတွင် မျိုးစပါး ဖြန့်ဝေရန်နှင့် တောင်သူများ၏ စိုက်ပျိုးမှုအခြေအနေ စာရင်းဇယားများ ပြုစုနေသော မော်လမြိုင်ကျွန်းမြို့နယ်မှ မြန်မာ့စိုက်ပျိုးရေးမန်နေဂျာ ဦးဝင်းမြင့်နှင့် တွေ့ဆုံရာ **"လေဘောသင့်ကျေးရွာတွေအတွက် နိုင်ငံတော်က ကျွဲ၊ နွားတွေ၊ ရေစုပ်စက်၊ လယ်ထွန်စက်နဲ့ စက်သုံးဆီတွေ၊ စမ်းသပ်အောင်မြင်ပြီး မျိုးစပါးနဲ့ အဝတ်အထည်၊ ဆန်၊ ဆီ၊ ဆားတွေ ဖြန့်ဝေပေးတဲ့အပြင် စိုက်ပျိုးစရိတ်အတွက် ဘဏ်ချေးငွေအဖြစ် တစ်ဧကကို ကျပ် ၈၀၀၀ နှုန်းနဲ့ စပါးစိုက်လယ်ဧက ရှိသူတိုင်းကို ထုတ်ပေးနေပါတယ်။ တောင်သူတွေဘက်က အမှန်တကယ် အားကြိုးမာန်တက် လုပ်ပြဖို့သာလိုပါတယ်။ လာမယ့်နှစ်မှာ ဆန်စပါးအတွက် စိုးရိမ်စရာမရှိနိုင်ပါဘူး"** ဟု ရှင်းပြသည်။

ထိုစဉ်ဘေးနားတွင်ထိုင်နားထောင်နေသော ရပ်မိရပ်ဖထဲမှ ဦးကြီးတစ်ဦးက **"ရှင်မရေ- နိုင်ငံတော်က ထွန်စရာ ထွန်စက်နဲ့ ကျွဲ၊ နွားတွေလည်းပေးတယ်၊ စိုက်ဖို့ ပျိုးဖို့ မျိုးစပါးတွေလည်း ပေးတယ်၊ ချေးငွေတွေလည်း ထုတ်ပေးတယ်၊ ကဲ-- -ဘာလိုသေးလဲ"**ဟု သဘောကျကျေနပ်စွာ ခပ်သောသောလေး အော်ပြောလိုက်သည်ကို ကြားလိုက်ရပါသည်။ ။

မော်လမြိုင်ကျွန်းမြို့နယ် ရွာလယ်ချောင်းကျေးရွာ သောက်သုံးရေကန်ကို သန့်ရှင်းသပ်ရပ်စွာ ဤသို့ ခြံဝင်းခတ်ထားစဉ်။

မော်လမြိုင်ကျွန်းမြို့ ချမ်းမြေ့သာယာရပ်ကွက် အခြေခံပညာ မူလတန်းကျောင်း ပြန်လည်ပြုပြင် တည်ဆောက်ပြီးစီးနေမှုကို တွေ့ရစဉ်။

တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး ပုသိမ်-မုံရွာလမ်းနှင့် တောင်ယမားချောင်းတံတား (ဝက်ခုတ်)တို့ကို ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၃

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးသည် ဇွန် ၁၆ ရက် မွန်းလွဲ ၂ နာရီတွင် ပုသိမ်-မုံရွာလမ်း (ရေပြာ-မြိုင်-လင်းကတော-ဆားလင်းကြီး-မုံရွာ)လမ်း အပိုင်းအား တစ်ကြောင်းထိုး ဖောက်လုပ်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မြိုင်-လင်းကတော-ဆားလင်းကြီး လမ်းပိုင်းရှိ စစ်ကိုင်းတိုင်းနယ်စပ်မှ (၀/၅)မိုင်တိုင်နေရာ ဝက်ခုတ်ကျေးရွာအနီး ဆောက်လုပ်လျက်ရှိသည့် တောင်ယမားချောင်းတံတား (ဝက်ခုတ်) တည်ဆောက်ရေး လုပ်ငန်းခွင်သို့ရောက်ရှိရာ ယာယီရှင်းလင်းဆောင်၌ တာဝန်ခံအင်ဂျင်နီယာက တံတားဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကာ တံတားဆောက်လုပ်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ တံတားမှာ ၉၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး ပုသိမ်-မုံရွာ လမ်းပေါ်ရှိ တောင်ယမားချောင်း တံတား (ဝက်ခုတ်) တည်ဆောက် နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကမ္ဘာ့လူဦးရေနေ့ ပိုစတာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲ ဆုရသူများစာရင်းကြေညာ

နေပြည်တော် ဇူလိုင် ၃

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၈ ခုနှစ်ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲများတွင် ဆုရရှိသူများစာရင်းကို ပြည်သူ့အင်အားဦးစီးဌာန၌ ထုတ်ပြန်ကြေညာထားသည်။

ပိုစတာပြိုင်ပွဲတွင် ဆုရသူများမှာ အဆင့်(၁) အသက် ၆-၈နှစ် အတန်းတွင် ပထမဆု မောင်ကောင်းဇော်ဟိန်း ပထမတန်း အလက(၁) TTC ရန်ကင်း ရန်ကုန်တိုင်း၊ ဒုတိယဆု မအင်ကြင်းမေ တတိယတန်း အမက (၈) သဃ်န်းကျွန်း ရန်ကုန်တိုင်း၊ တတိယဆု မောင်ကျော်လင်းထက် ပထမတန်း၊ အမက (၁)ဗဟန်း ရန်ကုန်တိုင်းတို့ရရှိကြပြီး အထူးဆု(၁) မသက်ထားဆွေဇင် ဒုတိယတန်း အမက(၁၈)တာမွေ ရန်ကုန်တိုင်း၊ အထူးဆု(၂) မရွှေနှစ်ကူး တတိယတန်း အလက(၃)မြိတ် တနင်္သာရီတိုင်း၊ အထူးဆု(၃) စိုင်းရဲရင့်ဦး တတိယတန်း အလက(၂)လားရှိုး ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ အထူးဆု(၄) မဖြူနှင်းကို စတုတ္ထတန်း အမက(၃၀)လှိုင် ရန်ကုန်တိုင်း၊ အထူးဆု(၅) မအိအိခိုင်စိုး တတိယတန်း အလက(၁)လွိုင်ကော် ကယားပြည်နယ်တို့ရရှိကြသည်။

အဆင့်(၂) အသက် ၉-၁၂နှစ် အတန်းတွင် ပထမဆု မခိုင်မေသူ ဆဋ္ဌမတန်း အလက(၁) TTC ရန်ကင်း ရန်ကုန်တိုင်း၊ ဒုတိယဆု မရွှန်းမြင့်မိုရ်ဦး သတ္တမတန်း အလက (၁) TTC ရန်ကင်း ရန်ကုန်တိုင်း၊ တတိယဆု မောင်သီဟသွေး စတုတ္ထတန်း အထက(၆)ဗိုလ်တထောင် ရန်ကုန်တိုင်းတို့ ရရှိကြပြီး အထူးဆု(၁)မနေဇင်နှင်းထက် ဆဋ္ဌမတန်း အထက(၁)ဒဂုံ ရန်ကုန်တိုင်း၊ အထူးဆု(၂) မသင်းနဒီစိုး ပဉ္စမတန်းအလက(၁)TTCရန်ကင်း ရန်ကုန်တိုင်း၊ အထူးဆု(၃) မောင်သူရပိုင်စိုး ဆဋ္ဌမတန်း အထက(၆) ပုသိမ် ဧရာဝတီတိုင်း၊ အထူးဆု(၄) မောင်ဉာဏ်လင်းထက်နိုင် ပဉ္စမတန်း TTC ကမာရွတ် ရန်ကုန်တိုင်း၊ အထူးဆု(၅) မောင်ဟိဏ်းထက်စိုး သတ္တမတန်း အထက(၃) ပဲခူး ပဲခူးတိုင်းတို့ ရရှိကြသည်။

အဆင့်(၃) အသက် ၁၃-၁၅ နှစ်အတန်းတွင် ပထမဆု မောင်စည်သူအောင် နဝမတန်း အထက(၅)တာမွေ ရန်ကုန်တိုင်း၊ ဒုတိယဆု မောင်ကောင်းထက်ကျော် အဋ္ဌမတန်း အထက (၅) တာမွေ ရန်ကုန်တိုင်း၊ တတိယဆု မပွင့်မြတ်သူ နဝမတန်း အထက (၂)လသာ ရန်ကုန်တိုင်းတို့ ရရှိကြပြီး အထူးဆု(၁) မအေးမြတ်သူ နဝမတန်း အထက(၂) လသာ ရန်ကုန်တိုင်း၊ အထူးဆု(၂) မောင်အောင်ပိုင်စိုး နဝမတန်း အထက (၃) ပဲခူး ပဲခူးတိုင်း၊ အထူးဆု(၃) မဝင့်သီရိကျော် အဋ္ဌမတန်း အထက(၆) ပုသိမ် ဧရာဝတီတိုင်း၊ အထူးဆု(၄) မဇင်ဖူးဝေ နဝမတန်း အထက(၃)မြိတ် တနင်္သာရီတိုင်း၊ အထူးဆု(၅) မသီရိနန္ဒာရွှေဝါဘုန်း အဋ္ဌမတန်း အထက(၁၇) အောင်မြေသာစံမြို့နယ် မန္တလေးတိုင်းတို့ ရရှိကြသည်။

အဆင့်(၄) အသက် ၁၆-၁၈ နှစ်အတန်းတွင် ပထမဆု မောင်သီဟထွန်း ပထမနှစ်(သချ်ာ) ဒဂုံတက္ကသိုလ် ရန်ကုန်တိုင်း၊ ဒုတိယဆု မောင်တာယာထွန်း သတ္တမတန်း ထခွဲ အလက(၃)တောင်ကြီး ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တတိယဆု မောင်ဝေညီညီ ဒသမတန်း အထက(၁)မုဒုံ မွန်ပြည်နယ်တို့ ရရှိကြပြီး အထူးဆု(၁) မပပသန့် ပထမနှစ် ပညာရေးကောလိပ် ပြည် ပဲခူးတိုင်း၊ အထူးဆု(၂) မောင်ဖုန်းမြင့် ပထမနှစ် ပညာရေးကောလိပ် မြစ်ကြီးနား ကချင်ပြည်နယ်၊ အထူးဆု(၃) မောင်အောင်နိုင် ပထမနှစ်ပညာရေးကောလိပ် မြစ်ကြီးနား ကချင်ပြည်နယ်၊ အထူးဆု-၄ နော်အိမွန်ငွေး ပထမနှစ် ပညာရေးကောလိပ် ပြည် ပဲခူးတိုင်း၊ အထူးဆု-၅ မောင်ဂိဒေါင် အဋ္ဌမတန်း အလက(၆) မြစ်ကြီးနား ကချင်ပြည်နယ် တို့ရရှိကြသည်။

အလွတ်တန်းတွင် ပထမဆု မသဇင်စိုးမြင့် တာမွေ ရန်ကုန်တိုင်း၊ ဒုတိယဆု ဗိုလ်လောင်းဇင်ကိုကို စစ်တက္ကသိုလ် ပြင်ဦးလွင် မန္တလေးတိုင်း၊ တတိယဆု မောင်ဝင်းမြတ်သူ တတိယနှစ် (သချ်ာ) တောင်ဥက္ကလာ ရန်ကုန်တိုင်းတို့ ရရှိကြပြီး အထူးဆု(၁) ဒေါက်တာရုံမိုး ကျောက်တံတားမြို့နယ် ရန်ကုန်တိုင်း၊ အထူးဆု(၂) မဇင်မာငြိမ်း ကြည့်မြင်တိုင် ရန်ကုန်တိုင်း၊ အထူးဆု(၃) ဦး အောင်မိုး (ရှမ်းလေးပန်းချီ) တောင်ဥက္ကလာပ ရန်ကုန်တိုင်း အထူးဆု(၄) ကိုဇာနည်ထွန်း တတိယနှစ် ပန်းချီ ယဉ်ကျေးမှုတက္ကသိုလ် ရန်ကုန်တိုင်း၊ အထူးဆု(၅) ဦးတင်မောင်ဝင်း တာမွေ ရန်ကုန်တိုင်းတို့ရရှိကြသည်။

စာစီစာကုံးပြိုင်ပွဲဆုရရှိသူများမှာ တက္ကသိုလ်/ကောလိပ်အဆင့်တွင် ပထမဆု မဆုလဲ့ဝင်း မဟာသိပ္ပံ (ပထမနှစ်) သတ္တဗေဒ မြိတ်တက္ကသိုလ် တနင်္သာရီတိုင်း၊ ဒုတိယ မသူဇာ ဒုတိယနှစ် (Civil)၊ မအူပင် နည်းပညာတက္ကသိုလ် ဧရာဝတီတိုင်း၊ တတိယဆုရ မနန်းပွင့်ရွှေရည်ဖူး ဒုတိယနှစ် (ကွန်ပျူတာသိပ္ပံ) ကွန်ပျူတာတက္ကသိုလ် ကရင်ပြည်နယ်တို့ ရရှိကြပြီး အထူးဆု(၁) မခင်စန်းမြင့် ပညာရေးကောလိပ် မြစ်ကြီးနား ကချင်ပြည်နယ်၊ အထူးဆု(၂) မဖြိုးသူဇာ ပထမနှစ် အမ်ဘီဘီအက်စ် ဆေးတက္ကသိုလ် မကွေး၊ မကွေးတိုင်း၊ အထူးဆု(၃) မရတနာအောင်မျိုးဟန် တတိယနှစ် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် နေပြည်တော်၊ အထူးဆု(၄) မစိမ့်စိမ့်သူ (ပထမနှစ်) ကွန်ပျူတာတက္ကသိုလ် တောင်ကြီး ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အထူးဆု(၅) မောင်မျိုးမင်းထွန်း မဟာသိပ္ပံအရည်အချင်းစစ် ပုသိမ်တက္ကသိုလ် ဧရာဝတီတိုင်း တို့ရရှိကြသည်။

အခြေခံပညာအထက်တန်းအဆင့်တွင် ပထမဆု မရတနာဆုရှင် အဋ္ဌမတန်း အထက(၃)ပဲခူးမြို့ ပဲခူးတိုင်း၊ ဒုတိယဆု မောင်ပိုင်စိုးစံ နဝမတန်း အထက (၂)ဗဟန်း ရန်ကုန်တိုင်း၊ တတိယဆု မမေရီဝင်းဇော်ဦး နဝမတန်း အထက(၃)မုံရွာ စစ်ကိုင်းတိုင်းတို့ရရှိကြပြီး အထူးဆု(၁) မမိုးမြတ်စန္ဒီဖြိုး အဋ္ဌမတန်း အထက(၂)ကလော ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အထူးဆု(၂) မနန်းမွေဟွမ်လျန်း အဋ္ဌမတန်း အလက(၂)သီပေါ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ အထူးဆု(၃) မဖူးခန့်ရွှန်းလက် အဋ္ဌမတန်း အထက(၁)လွိုင်ကော် ကယားပြည်နယ်၊ အထူးဆု(၄) မဆုထက်ထက် အဋ္ဌမတန်း အလက(၁)ပုသိမ် ဧရာဝတီတိုင်း၊ အထူးဆု(၅) မနန်းငြိမ်းငြိမ်းစိုး နဝမတန်း အထက(၂)ဘားအံ ကရင်ပြည်နယ်တို့ရရှိကြသည်။

အခြေခံပညာအလယ်တန်းအဆင့်တွင်ပထမဆု မောင်မင်းသက်ပိုင်ဇင် ဆဋ္ဌမတန်း အထက(၃)ပဲခူး ပဲခူးတိုင်း၊ ဒုတိယဆု မခိုင်အိမ်သူ သတ္တမတန်း အထကအုတ်ဖို ပဲခူးတိုင်း၊ တတိယဆု မယမင်းပပလင်း သတ္တမတန်း အထက (၄) တောင်ကြီး ရှမ်းပြည်နယ်(တောင်ပိုင်း)တို့ရရှိကြပြီး အထူးဆု(၁) မသီသီဆင့်ဦး ဆဋ္ဌမတန်း အလက(၁)မြိတ် တနင်္သာရီတိုင်း၊ အထူးဆု(၂) မအေးယုမွန် သတ္တမတန်း အလက(၃)မြစ်ကြီးနား ကချင်ပြည်နယ်၊ အထူးဆု(၃) မမေဖူးမွန် သတ္တမတန်း အထက(၁) နေပြည်တော် လယ်ဝေး၊ အထူးဆု(၄) မထက်ထက်ဖူး သတ္တမတန်း အမက(၁)မူလွန် သီပေါ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ အထူးဆု(၅) မနှင်းဝတ်ရည်အောင် သတ္တမတန်း အထက(၂) သံဖြူဇရပ် မွန်ပြည်နယ်တို့ရရှိကြသည်။

ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိကြသူများမှာ ပထမဆုမင်းဇာနည်ဇော်(အမရပူရ) မြောက်ဒဂုံ ရန်ကုန်တိုင်း၊ ဒုတိယဆု ကျော်ဝင်းလှိုင် (ယဉ်ကျေးမှုတက္ကသိုလ်) ဗဟန်းမြို့နယ် ရန်ကုန်တိုင်း၊ တတိယဆု ကျော်ကျော်ဝင်း လှိုင်သာယာမြို့နယ် ရန်ကုန်တိုင်းတို့ရရှိကြပြီး အထူးဆု(၁) လှိုင်သန်းတင့် ရမည်းသင်းမြို့ မန္တလေးတိုင်း၊ အထူးဆု(၂) ဦးမြင့်သိန်း(ရှုပ) ကျောက်မြောင်း တာမွေမြို့နယ် ရန်ကုန်တိုင်း၊ အထူးဆု(၃) ဦးမြင့်သိန်း(ရှုပ) ကျောက်မြောင်း၊ တာမွေမြို့နယ် ရန်ကုန်တိုင်း၊ အထူးဆု(၄) လှိုင်သန်းတင့် ရမည်းသင်းမြို့ မန္တလေးတိုင်း၊ အထူးဆု(၅) ညွှန့်နိုင် ကျောက်မြောင်း တာမွေမြို့နယ် ရန်ကုန် တိုင်းတို့ဖြစ်ကြသည်။

ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲဆုရရှိကြသူများမှာ ပထမဆု မျက်ချယ်(ခ) မြဥမ္မာကြွယ် ပဲခူးမြို့ ပဲခူးတိုင်း၊ ဒုတိယဆု အလုပ်သင်ဆရာဝန် ချမ်းငြိမ်းသူ ပဲခူးမြို့ ပဲခူးတိုင်း၊ တတိယဆုဒေါ်ခိုင်ခိုင်စိုး သန်လျင်မြို့ ရန်ကုန်တိုင်းတို့ ရရှိကြပြီး အထူးဆု(၁) ဦးသန်းနိုင် ဗဟန်းမြို့နယ် ရန်ကုန်တိုင်း၊ အထူးဆု(၂) ဒေါ်ထားရှင် ဘုရားကိုင်ရပ် မြိတ်မြို့ တနင်္သာရီတိုင်း၊ အထူးဆု(၃) ဒေါက်တာအေးမြင့် တာမွေ ရန်ကုန်တိုင်းတို့ရရှိကြသည်။

ပိုစတာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲနှင့် ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိသူများအား ဇူလိုင်၁၁ရက်တွင် နေပြည်တော် မြို့တော်ခန်းမ၌ ကျင်းပမည့် ကမ္ဘာ့လူဦးရေနေ့ အခမ်းအနားတွင် ဆုများချီးမြှင့်သွားမည်ဖြစ်ရာ ရန်ကုန်မှ ပြည်သူ့အင်အားဦးစီးဌာန အစီအစဉ်ဖြင့် လာရောက်မည့်သူများသည် အမှတ်-၄၁၆၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်ရှိ ပြည်သူ့အင်အားဦးစီးဌာန(ရန်ကုန်)၊ ဒေါ်စိုးစိုးအောင်၊ ညွှန်ကြားရေးမှူး တယ်လီဖုန်း-၃၈၂၁၀၅၊ ဒေါ်သူဇာမိုး ဦးစီးအရာရှိ တယ်လီဖုန်း-၃၈၇၁၃၈၊ ၃၈၇၁၄၀ ထံသို့ လူကိုယ်တိုင် ဇူလိုင် ၈ရက် နောက်ဆုံးထား၍ ပတ်စ်ပို့ဓာတ်ပုံ(၃)ပုံနှင့်အတူ လာရောက်သတင်းပို့ပေးကြရမည်ဖြစ်သည်။နေပြည်တော်သို့ တိုက်ရိုက်လာရောက်ကြရမည့်သူများသည် အမှတ်(၇) တည်းခိုရေးစခန်း၊ အထက(၃)ရွာတော်အနီး နေပြည်တော်သို့ ဇူလိုင်၉ရက်တွင် လာရောက်သတင်းပို့ရမည်ဖြစ်သည်။ အစမ်းလေ့ကျင့်ခြင်းကိုဇူလိုင်၁၀ရက်တွင် ပြုလုပ်မည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက ဖုန်း ၀၆၇-၄၀၄၁၂၆၊ ၀၆၇-၄၁၃၃၅၃၊ ၀၆၇-၄၂၀၅၉၀သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

ပိုစတာပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ အထူးဆုရရှိသူများသည် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပြည်နယ်/တိုင်းများရှိ သက်ဆိုင်ရာ ပြည်နယ်/တိုင်းလူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနများ၌လည်းကောင်း၊ ဖိတ်ခေါ်ရောင်စုံဓာတ်ပုံပြိုင်ပွဲ၊ ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲအထူးဆု ရရှိသူများသည် အမှတ်၄၁၆၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်ရှိ ပြည်သူ့အင်အားဦးစီးဌာန(ရန်ကုန်ရုံးခွဲ)၌လည်းကောင်း သွားရောက်၍ဆုများကို လက်ခံရယူကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုဆောင်းပါး

ဂုဏ်ယူစရာ မြန်မာအမျိုးသမီးများနေ့

ခင်လှမြင့်(စီမံ)

ဇူလိုင်လ ၃ ရက်နေ့ (မြန်မာအမျိုးသမီးများနေ့) အခမ်းအနားများ ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။ ယခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် ကျွန်မတို့ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က ၁၂ လရာသီပွဲတော်များအလိုက် မြန်မာအမျိုးသမီးများ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကို တင်ဆက်ပြသခဲ့ပါသည်။ နှစ်စဉ်ကျင်းပခဲ့သည့် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲများထက် ထူးထူးခြားခြားလေး တင်ဆက်ခဲ့ပါသည်။ အဆိုပါပွဲလေး ကျင်းပခဲ့မှုနှင့် ပတ်သက်၍ ကျွန်မတို့၏ လှုပ်ရှားဆောင်ရွက်ခဲ့မှုလေးကို တင်ပြလိုပါသည်။

၁၂လရာသီဟု ဆိုလိုက်သည်နှင့် ဆရာသာရဝေါ စီးကြည်ရေးဖွဲ့ထားသည့် **"၁၂ လ ရာသီပွဲတော်များ"**စာအုပ်ကို မှီငြမ်းခဲ့ရပါသည်။သျှန်ထွန်း (မြန်မာစာ)၊ ဂွန်လွင် (Stars and Models Agency) တို့နှင့် တိုင်ပင်ခဲ့ရပါသည်။ စုစုဝေးဝေး၊ ညှိညှိနှိုင်းနှိုင်း ဆွေးနွေးခဲ့ကြ၏။

မြန်မာတို့သည် ၁၂ လ ရာသီအလိုက် ရာသီတိုင်းလိုလို၊ ဘာသာရေးပွဲ၊ ယဉ်ကျေးမှုပွဲ၊ လူမှုရေးပွဲများဖြင့် ခြိမ့်ခြိမ့်သဲသဲ ကျင်းပလေ့ရှိကြပါသည်။ **"သင်္ကြန် တာကူး၊ နှစ်ဦးညောင်ရေ၊ စာပလွေခင်း၊ ပဉ္စင်းတော်ခံ၊ စာရေးတံနှင့်၊ မြစ်ယံပွဲကြီး၊ ဆီမီးထွန်း ချိန်၊ ကထိန်နတ်ကျင်း၊ မြင်းခင်းထွက်ဝင်၊ သဘင် မီးဖုန်း၊ ဂူလုံးသဲပုံ၊ စေ့စေ့စုံလျဉ်၊ ဤသို့ယှဉ်ထား၊ လစဉ်အမြဲ ဆယ့်နှစ်ပွဲ"**ဟု ရှေးခေတ်စာဆိုများက ဆယ့်နှစ်လရာသီပွဲတော်များကို ညွှန်းဆိုခဲ့ကြပါသည်။

ကျွန်မတို့၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကို **"၁၂ လရာသီ အလှစုံညီ မြင်သူရှုမဝ မြန်မာအမျိုးသမီးအလှ"** ဟူ၍ ကဗျာဆန်ဆန်ပေးထားခဲ့ပါ၏။ ဤနှစ်မှာတော့ ထူးထူးခြားခြား အဖွင့်သီချင်းလေး တစ်ပုဒ်နှင့် တင်ဆက်သွားဖို့ ရည်ရွယ်ခဲ့ကြသည်။ဤသီချင်းကတော့ သျှန်ထွန်း(မြန်မာစာ) ရေးဖွဲ့ သည့် **"ဂုဏ်ယူစရာ မြန်မာအမျိုးသမီးများနေ့"** ဆိုသည့် ဂုဏ်ပြုသီချင်းဖြစ်ပြီး ဤသီချင်းကို ချောစုခင်က သီဆိုခဲ့သည်။

ကဆုန်လမှ စတင်ပြီး တင်ဆက်ခဲ့သည်။ ညောင်ရေသွန်းပွဲကို အဓိကထားပြီးပြကာ သီချင်းအနေဖြင့် လမြတ်ကဆုန်။ ကျွန်မတို့ နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သည့်အတွက် နယုန်လ၌ မုတ်သုံဦးမှာ ကောက်စိုက်ကြမည့် လုံမပျိုလေးများနှင့် သရုပ်ဖော်ခဲ့သည်။ ပွဲတော်အနေနှင့်ကတော့ စာပြန်ပွဲပေါ့။ ပရိဂျက်တာဖြင့် ထိုးပြသည်။ သီချင်းအနေဖြင့် ကိုသျှန်ထွန်း ကိုယ်တိုင်ရေးစပ်ထားသည့် ကောက်စိုက်သီချင်းလေးနှင့်တင်ဆက်ခဲ့သည်။

ဝါဆိုလအတွက်ကိုတော့ ရွှေပွဲလာဧည့်ပရိသတ်များ အပျင်းတော်ပြေစေဖို့ ကြူကြူသင်း၊ ပွင့်တို့နှင့် ဇာတ်ထုပ်လေးခင်းပြီး စဖွင့်ခဲ့ပါသည်။ ပြီးမှ ဝါဆိုလ၏ ပွဲတော်ဖြစ်သည့် ရှင်ပြုပွဲကို ရှင်လောင်းလှည့်သည့် သရုပ်သဏ္ဌာန်နှင့် တင်ဆက်ခဲ့ပါ၏။ ဒိုးပတ်ဝိုင်း ထည့်သည့်အခါ၌ ဦးရွှေရိုး၊ ဒေါ်မိုးအကကိုလည်း ထည့်ချင်ကြသည်။ သို့သော် အချိန်ကန့်သတ်မှုကြောင့် အဓိကပြချင်သည့် အကြောင်းအရာကိုသာ ဦးစားပေးနိုင်ခဲ့ကြသည်။

ဝါဆိုပြီးတော့ ဝါခေါင်။ ဝါဆို ဝါခေါင် ရေဖောင်ဖောင်ဆိုသည့်စကားအတိုင်းမိုးရာသီလများကိုထင်ဟပ်စေသည့် **"ရွှေမိုးလေးကညိုတယ်"**ဆိုသည့် သီချင်းလေးနှင့်စခဲ့ကြပါသည်။ ပြီးတော့မှ ကျောင်းဖွင့်ရာသီဖြစ်သည့်အတွက် တက္ကသိုလ်ကျောင်းသူ လေးများ၏ ဝတ်စားဆင်ယင်မှုကို ဖော်ပြခဲ့ပါ၏။

တော်သလင်းလကတော့ မြန်မာတို့၏လှေပြိုင်ပွဲတော် ကျင်းပလေ့ရှိသည့်လဖြစ်ပါသည်။ ပြည်ထောင်စု လှေဖြင့် တိုင်းရင်းသားစည်းလုံး ညီညွတ်မှုကို ဖော်ပြတင်ဆက်ခဲ့ပါသည်။

ဝါလလွတ်ကင်း ကျွတ်သီတင်းဆိုသည့်အတိုင်း ပျော်ပွဲရွှင်ပွဲများစတင်ကျင်းပသည့်လရာသီဖြစ်ပါ၏။ ကျွန်မတို့၏ ရှင်တော်ဗုဒ္ဓမြတ်စွာဘုရားက မယ်တော်မိနတ်သားကို အဘိဓမ္မာတရားဟောကြားတော်မူပြီး လူ့ပြည်ကို ပြန်လည်ကြွချီလာသည့်အတွက် မီးထွန်းပူဇော်ကြတာကို အမျိုးသမီးငယ်လေးများ၏ မြန်မာဆန်ဆန်လှပသည့်ဝတ်ဆင်မှုလေးများဖြင့် ရောင်စုံမီးပုံးလေးများနှင့်အတူ တင်ဆက်သွားခဲ့ပါသည်။ ဤပြကွက်တွင်လည်း စတီရီယို တေးတစ်ပုဒ်ဖြစ်သည့် **"သီတင်းကျွတ်ညလေးတစ်ည"**ကို လူငယ်များ အကြိုက် တင်ဆက်ပေးခဲ့ပါသည်။

အဘိုးကြီးအို ခါးကုန်းကုန်း၊ မသေပါနှင့်ဦး၊ နောက်နှစ်ခါတန်ဆောင်မုန်းပွဲကြည့်ပါဦးဟု ဆိုသည့် တန်ဆောင်တိုင်လကိုတော့ သတို့သား၊ သတို့သမီးများ၏ ဆင်ယင်ထုံးဖွဲ့မှုများကို ရုပ်ရှင်သရုပ်ဆောင် မင်းသား၊ မင်းသမီးများ၏ ထိမ်းမြားလက်ထပ်မင်္ဂလာ အခမ်းအနားများဖြင့် ပြသခဲ့ပါသည်။ ဤပြကွက်မှာလည်း မင်္ဂလာဝတ်စုံများဆင်မြန်းကြရာတွင် ထီးသုံး၊ နန်းသုံး၊ ကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံခညောင်းစေသည့် တော်ဝင်အရောင်ဖြစ်သော အဝါရောင်၊ နူးညံ့သိမ်မွေ့သည့် ချစ်ခြင်းမေတ္တာကိုဖော်ပြသည့် ပန်းရောင်ဝတ်စုံများကို ဦးစားပေးလှပခမ်းနားစွာ တင်ဆက်ပေးခဲ့ပါသည်။

နတ်တော်လသည် ဆောင်းဦးရာသီဖြစ်ပြီး စာဆိုတော်ပွဲများကိုလည်း မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ကျင်းပလေ့ရှိပါသည်။ ဤပြကွက်မှာတော့ စာပေသမိုင်းတစ်လျှောက်မှာ စံနမူနာယူထိုက်သည့် အမျိုးသမီး စာရေးဆရာမများ၏ ရုပ်ပုံလွှာကို ပရိဂျက်တာဖြင့် ပြသပေးပြီး ဆံကေသာအလှကို အမျိုးသမီးငယ်လေးများက ပုံစံအမျိုးမျိုးဖြင့် ပရိသတ်နှစ်ခြိုက်အောင် တင်ဆက်သွားခဲ့ပါသည်။

ချမ်းအေးလှသည့် ပြာသိုလမှာတော့ ညီမငယ်လေးများ၏ နွေးထွေးလုံခြုံလှပသည့် အနွေးထည်ဖက်ရှင်အမျိုးမျိုးနှင့် တင်ဆက်ခဲ့ကြပါသည်။

မြန်မာတို့၏ ထမနဲပွဲများသည် တပို့တွဲလ၏ ပြယုဂ်ဖြစ်ပါသည်။ ထမနဲထိုးဟန်များ၊ မြန်မာသမီးပျိုများ၏ ပွဲတော်သွားဝတ်စုံများနှင့် အမြင်မရိုးအောင် အသွင် တစ်မျိုးဖြင့် ဖော်ပြပေးခဲ့ပါသည်။

တပေါင်းလမှာ သဲပုံစေတီပွဲတော်လဖြစ်ပါ သည်။ ဤလမှာတော့ ဘုရားပွဲများကို နိုင်ငံတစ်နံတစ်လျား စည်စည်ကားကား ခြိမ့်ခြိမ့်သဲသဲ ကျင်းပလေ့ ရှိကြခြင်းကို အခြေခံပြီး လုံမပျိုများ ဘုရားဖူးလာကြသည့် သရုပ်ဖော်မှုကို လူရွှင်တော်များနှင့်အတူ ရုပ်ရှင်သရုပ်ဆောင် မင်းသားနှင့် မင်းသမီးတို့က ပြဇာတ်လေးသဖွယ်တင်ဆက်ဖို့ စိတ်ကူး၍ အကောင်အထည်ဖော်ခဲ့ကြပါသည်။

နောက်ဆုံးပိတ်အိတ်နှင့်လွယ် ဆိုသည့် စကားအတိုင်း မြန်မာတို့၏ အစည်ကားဆုံး၊ အပျော်ရွှင်ဆုံး ယဉ်ကျေးမှုပွဲတော်၊ ရေသဘင်ပွဲတော်များ ကျင်းပလေ့ရှိကြသည့် တန်ခူးလကိုတော့ ပိတောက်ပန်းများ တဝေဝေနှင့် သင်္ကြန်လုံမငယ်လေးများ၏ အလှအပများနှင့် အတူ ဝေဝေဆာဆာဖြင့် ရွှင်မြူးသွက်လက်စွာ အဆိုအတီးများဖြင့် တင်ဆက်ပေးခဲ့သည်။

အပိတ်သီချင်းကို သရုပ်ဆောင် တင်ဆက်သူအားလုံးနှင့်အတူ အဆိုတော်ကာကာက သျှန်ထွန်း (မြန်မာစာ)ရေးဖွဲ့သည့် **"မြန်မာအမျိုးသမီးအလှ"** သီချင်းဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် တင်ဆက်ခဲ့ကြပါသည်။

ဤပြပွဲကြီးကို ကြည့်ရှုပြီးသူများအနေဖြင့် ကျွန်မတို့ မြန်မာလူမျိုးများ၏ လရာသီပွဲတော်များကိုလည်း တစုတဝေးတည်း မျက်စိပသာဒဖြစ်စရာ တွေ့ခဲ့ရမည့်အပြင် ပွဲတော်အလိုက် မြန်မာအမျိုးသမီးဝတ်စုံများ လှပသိမ်မွေ့ယဉ်ကျေးစွာ ဝတ်ဆင်ကြတာကိုလည်း နှစ်သက်ခဲ့ကြမည်ဖြစ်ပါသည်။ **အခြားတိုင်းပြည်များမှအမျိုးသမီးများ၏ဝတ်စားဆင်ယင်မှုများ ကူးစက်ဝင်ရောက်နေသည့် ယခုလိုကာလ၌ ကျွန်မတို့အမျိုးသမီးရေးရာအဖွဲ့ဝင်များ၏စုပေါင်းတင်ဆက်သည့် ဝတ်စားဆင်ယင်မှုပွဲများမှတစ်ဆင့် မြန်မာအမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှု စစ်စစ်ကို မီးမောင်းထိုးပြလိုက်နိုင်ခြင်းဖြစ်ပါသည်။** မည်သည့် ရာသီ၊ မည်သည့် အချိန်အခါ၊ မည်သည့်ပွဲမဆို အချိန်အခါရာသီ အဆင့်အတန်း အမျိုးအစားအလိုက် မြန်မာအမျိုး သမီးဝတ်စုံများ မြန်မာဆန်ဆန်လှပစွာ ဝတ်ဆင်ကြတာ၊ ရှိနေကြတာကို သတိပြု ဆင်ခြင်သွားနိုင်မည်ဟု ယူဆမိပါသည်။ အရှေ့နှင့်အနောက်၊တောင်နှင့်မြောက် တစ်ကမ္ဘာလုံး၏ ယဉ်ကျေးမှုများ၊ ဘာသာရေးများ၊ အတွေးအခေါ်များ ရောယှက်ကူးလူးနေချိန်တွင် ကျွန်မတို့ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၏ ကြိုးပမ်း ဆောင်ရွက်ချက်များသည် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ အကျိုး သက်ရောက်မှုရှိသည်ဆိုပါလျှင် ပင်ပန်းရကျိုးနပ်ပြီဖြစ်ပါကြောင်း ၂၀၀၈ခုနှစ် ဇူလိုင်လ ၃ ရက်နေ့ **(မြန်မာအမျိုးသမီးများနေ့)**ကို ဂုဏ်ပြု တင်ပြလိုက်ရပါသည်။ ။

အခြားတိုင်းပြည်များမှ အမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုများ ကူးစက်ဝင်ရောက်နေသည့် ယခုလိုကာလ၌ ကျွန်မတို့ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၏ စုပေါင်းတင်ဆက်သည့် ဝတ်စားဆင်ယင်မှုပွဲများမှ တစ်ဆင့် မြန်မာအမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှု စစ်စစ်ကို မီးမောင်းထိုးပြလိုက်နိုင်ခြင်းဖြစ်ပါသည်။

မြန်မာအမျိုးသမီးများနေ့

၂၀၀၈ ခုနှစ်၊ ဇူလိုင်လ(၃)ရက်

MYANMAR WOMEN'S DAY

3rd July 2008

ဂုဏ်ဖြာညီးညီး မြန်မာအမျိုးသမီး

✡ ဤကမ္ဘာတွင်
မြန်မာအမျိုးသမီး၊ သူ့ခရီး၌
ဂုဏ်ကြီးမြင့်ထည်ဝါ၊ ပန်းပမာလျှင်
လန်းဖြာကြိုင်ကြိုင်အေး၊ လှိုင်လှိုင်မွှေးတည့်
လှသွေးဉစွက်ယှဉ်၊ နုညက်စင်ကာ
အယဉ်ငြိမ့်ငြိမ့်ညောင်း၊ နွဲ့နွဲ့နှောင်းလျက်
စိတ်ကောင်းကြည်ကြည်နော၊ သူ့မနော၌
သဘောဖြူအူစင်း၊ မာယာကင်းသည်
စံသွင်းတော်လေးဝအနွယ်တကား…။

✡ ညီညာအစဉ်
တွဲယှဉ်နိုင်ငံအရေး၊ လက်မနေးဘဲ
တက်ရေးတပြိုင်ပြိုင်၊ သူ့စွမ်းနိုင်ခဲ့
နွမ်းယိုင်မနေအား၊ ယောကျ်ားသားနှင့်
မနားအတူပါ၊ အိမ်ထောင့်တာကို
နိုင်ရာကူညီလှမ်း၊ ဦးပဲ့ထမ်းရင်း
စိတ်ဝမ်းကြည်လင်အေး၊ ဘာသာရေး၌
ပေးလှူမြဲလှူရင်း၊ မပျက်ယွင်းသည်
ရည်အချင်း ပြည့်ဝကြွယ်တကား…။

✡ ပြည်မြန်မာတစ်ခွင်
ကြည်သာအသင့်ပေး၊ ခွင့်အရေးနှင့်
ဆင့်မရွေးညီမျှ၊ တည်တကျဖြင့်
ကျား-မ မဟူ၊ အတူတူတည့်
ကြည်ဖြူစာနာသေး၊ ဦးစားပေးကာ
ပြည်ရေးရွာအမှု၊ အစုစု၌
ပေါင်းစုညီညီညာ၊ လွတ်လပ်စွာပင်
ပါဝင်ထမ်းဆောင်ရင်း၊ ဂုဏ်ရည်လင်းသည်
မိတ်ရင်းသင်္ဂဟနှယ်တကား…။

(မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုလျက်-)

မင်းယဉ်စု

မုန်တိုင်းကြောင့် ပျက်စီးသွားသော လျှပ်စစ်ပိုင်းဆိုင်ရာ လုပ်ငန်းများ ပြန်လည်တည်ဆောက်ရေး၌ စွမ်းစွမ်းတမံဆောင်ရွက်သူ လုပ်သားများအား ဂုဏ်ပြု

ရန်ကုန် ဇူလိုင် ၃

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဇူလိုင် ၁ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ရုံးချုပ်၌ ကျင်းပသည့် မုန်တိုင်းကြောင့် ပျက်စီးသွားသော လျှပ်စစ်ပိုင်းဆိုင်ရာ လုပ်ငန်းများကို ပြန်လည်တည်ဆောက်ရာတွင် စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပြည်နယ်/တိုင်း အသီးသီးမှ လျှပ်စစ်လုပ်သားများအား ညစာစားပွဲဖြင့် ဂုဏ်ပြုဧည့်ခံခြင်းနှင့် ထူးချွန်ဆု ချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

ဂုဏ်ပြုညစာစားပွဲတွင် ရှေးဦးစွာ ဝန်ကြီးသည် လှိုင်သာယာမြို့နယ်မှ ကံ့ကော်တော ဦးမျိုးအောင်က ရှမ်းပြည်နယ်(မြောက်ပိုင်း) ရွှေလီ-မန်စံ-ရွှေစာရံ (၂၃၀) ကေဗွီ မဟာဓာတ်အားလိုင်းသွယ်တန်းတည်ဆောက်ခြင်းလုပ်ငန်းသို့ သွားရောက်တာဝန်ထမ်းဆောင်မည့် လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများအတွက် ငွေကျပ် သိန်း ၆၀ တန်ဖိုးရှိ မိုးကာရွက်ဖျင်တဲ အလုံး ၂၀ ပေးအပ်လှူဒါန်းသည့် အခမ်းအနား မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဝန်ကြီးက ဂုဏ်ပြုအမှာစကားပြောကြားပြီး လျှပ်စစ်ပိုင်းဆိုင်ရာလုပ်ငန်းများအောင်မြင်တိုးတက်စေရန် ပံ့ပိုးကူညီ လှူဒါန်းပေးခဲ့ကြသော အလှူရှင်များ၊ လုပ်ငန်းရှင်များအား ဂုဏ်ပြုမှတ်တမ်းတင် လက်မှတ်များ ချီးမြှင့်သည်။

ဆက်လက်၍ တာဝန်ရှိသူများက လျှပ်စစ်စွမ်းအား မြင့်မားတိုးတက်စေရေးနှင့် ဓာတ်အား အမြန်ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေးနှင့် လျှပ်စစ်ပိုင်းဆိုင်ရာ ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းတို့တွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့ကြသော ပြည်နယ်နှင့်တိုင်းများမှ လျှပ်စစ်လုပ်သားများအား ဆန်၊ ဆီ၊ ဆားနှင့် စားသောက်ဖွယ်ရာပစ္စည်းများကိုလည်းကောင်း၊ ယာဉ်နှင့်စက်ယန္တရားလုပ်အားများ အကူအညီပေးခဲ့ကြသော စေတနာရှင် လုပ်ငန်းရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က မုန်တိုင်းကြောင့် ပျက်စီးသွားသော လျှပ်စစ်ပိုင်းဆိုင်ရာ လုပ်ငန်းများကိုပြန်လည်တည်ဆောက်ရာတွင် စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ကြသော လျှပ်စစ်စွမ်းအားဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးညွန့်သင်း၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးကျော်ကျော်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ် ဦးအောင်သန်းဦးနှင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဒုတိယ အင်ဂျင်နီယာချုပ် ဦးညိုဝင်းတို့အား ဂုဏ်ပြုငွေကျပ် တစ်သိန်းစီကိုချီးမြှင့်သည်။ ထို့နောက် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အရှေ့ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစံဌေးက ကျေးဇူးတင်စကားပြောကြားသည်။ ဆုချီးမြှင့်ခြင်း အခမ်းအနားအပြီးတွင် ဝန်ကြီးသည် စေတနာရှင်၊ အလှူရှင်၊ လုပ်ငန်းရှင်များနှင့် ပြည်နယ်၊ တိုင်းများမှလျှပ်စစ်လုပ်သားများအား ဂုဏ်ပြုညစာစားပွဲဖြင့်တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် မုန်တိုင်းကြောင့် ပျက်စီးသွားသော လျှပ်စစ်ပိုင်းဆိုင်ရာ လုပ်ငန်းများကို ပြန်လည်တည်ဆောက်ရာတွင် စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပြည်နယ်/တိုင်း အသီးသီးမှ လျှပ်စစ်လုပ်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။ (အမှတ်-၂၊ လျှပ်စစ်)

ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၃

ရန်ကုန်တိုင်း ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းစံပြကျေးရွာ သာသနဇောတိက မစိုးရိမ်တိုက်သစ်၌ ပုရိမဝါကပ်တော်မူကြမည့် စာချစာသင် သံဃာတော် အရှင်မြတ်တို့အား ဒုတိယအကြိမ် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို (၁၃၇၀ ပြည့်နှစ် ဝါဆိုလဆန်း ၈ ရက်) ဇူလိုင် ၁၀ ရက် (ကြာသပတေးနေ့)၌ သာသနပါလဂေါပကအဖွဲ့က ကြီးမှူး၍ သာသနဇောတိက မစိုးရိမ်တိုက်သစ်အတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ၏ ကြီးကြပ်မှုဖြင့် ဧရာဝတီတိုင်း လပွတ္တာမြို့နယ်မှ လေဘေးသင့်ပြည်သူများအတွက် ပေးပို့သည့် စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်း ၁၇ ဒသမ ၆ တန်ကို တပ်မတော်(ရေ)မှ စစ်သည်များဖြင့် စစ်ရေယာဉ်ပေါ်သို့ တင်ဆောင်စဉ်။ (တပ်မတော်-ရေ)

ရှစ်မိုင်မစိုးရိမ်ရွှေကျင်တိုက်သစ် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၃

ကျေးဇူးရှင် ရှစ်မိုင် မစိုးရိမ်ဆရာတော်ကြီး စံလွန်တော်မူသည့် (၁၇) နှစ်မြောက် အထိမ်းအမှတ် ကျေးဇူးဆပ်ပူဇော်ပွဲနှင့် ရန်ကုန်မြို့ ရှစ်မိုင် မစိုးရိမ်ရွှေကျင်တိုက်သစ်၌ ဝါဆိုဝါကပ်တော်မူကြမည့် သံဃာတော်အပါး ၁၁၀ နှင့် ပင့်သံဃာအပါး ၅၀ တို့အား မတည်အလှူရှင်များဖြစ်ကြသော ဦးထွန်းဝင်း-ဒေါ်ခင်နွယ်တင်၊ သား ဦးသတိုးဟိန်း-ဒေါ်စိုးမာလာနှင့် မြေးမောင်ပြည့်စုံ၊ မောင်အောင်စည်၊ မောင်မိုးမြင့်(မြန်မာ့သြဘာ)မိသားစုက အမှူးပြု၍ စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရှစ်မိုင် မစိုးရိမ် ရွှေကျင်ကျောင်းတိုက်သစ်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

လေဘေးကြောင့် မိဘမဲ့ဖြစ်သွားသော ကလေးများအား မြန်မာနိုင်ငံ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်းက ပညာသင်ထောက်ပံ့ကြေး ပေးအပ်

ရန်ကုန် ဇူလိုင် ၃

မုန်တိုင်းကြောင့် မိဘနှစ်ပါး ဆုံးရှုံးသွားသည့် ကျောင်းသား၊ ကျောင်းသူများအား မြန်မာနိုင်ငံနယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်းက ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို ဇွန် ၂၅ ရက်တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးအဆောက်အအုံ (IBC)၌ ကျင်းပရာ လပွတ္တာ၊ ဘိုကလေး၊ ဒေးဒရဲ၊ ဝါးခယ်မ၊ မော်လမြိုင်ကျွန်းနှင့် တွံတေးမြို့နယ်တို့မှ အခြေခံပညာအဆင့်မှ ကျောင်းသား၊ ကျောင်းသူ ၁၇၃ ဦးနှင့် အဆင့်မြင့်ပညာအဆင့်မှ ကျောင်းသား၊ ကျောင်းသူ ငါးဦး စုစုပေါင်း ၁၇၆ ဦးတို့အား အခြေခံပညာအဆင့် ကျောင်းသားတစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀၊ အဆင့်မြင့်ပညာအဆင့် ကျောင်းသားတစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ ဖြင့် ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)**

နိုင်ငံတော် အစိုးရက ဖွင့်လှစ်ထားသည့် မြောင်းမြနှင့် မအူပင်မြို့နယ်တို့ရှိ အားမာန်သစ်သင်တန်းကျောင်း၌ ထိန်းသိမ်းစောင့်ရှောက်ထားသည့် ကျောင်းသား၊ ကျောင်းသူပေါင်း ၉၀ အတွက် ပညာသင်ထောက်ပံ့ငွေကို လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိန်ဝင်း တက်ရောက်၍လက်ခံသည်။ ရန်ကုန်တွင်ရောက်ရှိနေသည့် ကျောင်းသား၊ ကျောင်းသူများ ကိုယ်တိုင် ပညာသင်ထောက်ပံ့ငွေကို လက်ခံခဲ့ကြသည်။

ယခုပညာသင် ထောက်ပံ့ငွေ ပေးအပ်လှူဒါန်းပွဲသို့ စင်ကာပူနိုင်ငံမှ Firefly Mission၊ မလေးရှားနိုင်ငံမှ United Sikh အဖွဲ့တို့က အလှူရှင်များ ပါဝင်လှူဒါန်းကြကြောင်း၊ အသင်းဥက္ကဋ္ဌ ဦးမောင်မောင်စိုးတင့်က မိဘမဲ့ ကျောင်းသား၊ ကျောင်းသူများအား အသင်းအနေဖြင့် ဆက်လက်၍ ထောက်ပံ့သွားမည်ဖြစ်ကြောင်း၊ မိဘမဲ့ကလေးများ အနေဖြင့် ၎င်းတို့အား ကြင်နာယုယသူများရှိသည်ကို သိရှိနှစ်သိမ့်သွားရန် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်းနှင့် နောက်တစ်ကြိမ်လှူဒါန်းရာတွင်ပါဝင်လှူဒါန်းလိုသည့် စေတနာရှင်များအား ဖိတ်ခေါ်ပါကြောင်း ပြောကြားကာ ဆက်သွယ်လှူဒါန်းလိုပါက မြန်မာနိုင်ငံ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအသင်း A-2 ၊ စိမ်းလဲ့ရိပ်သာ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း- ၅၄၂၃၄၉၊ ၅၃၆၇၅၆ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ဒေသမှ လယ်သမားများအတွက် ပထမအသုတ် ကျွဲ၊ နွား ၉၅ ကောင်ပေးပို့

ရန်ကုန် ဇူလိုင် ၃

မော်လမြိုင်ကျွန်းမြို့နယ် လေဘေး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကော်မတီ၏ စီစဉ်မှုဖြင့် ဇူလိုင် ၂ ရက် နံနက်ပိုင်းတွင် ကျွဲ၊ နွား ၉၅ ကောင်ကို ပထမအသုတ် အနေဖြင့် မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ဒေသ ဖြစ်သော ကြက်ရှာကျေးရွာအုပ်စုသို့ ဘိုကလေးမြို့မှတစ်ဆင့် ရေယာဉ်များဖြင့် ပေးပို့လိုက်ကြောင်း သိရသည်။

ဆက်လက်ပေးပို့

ထို့အတူ မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ဒေသများ၌ လယ်ယာလုပ်ငန်းအချိန်မီ ဝင်ရောက်နိုင်ရေးအတွက်ကျွဲ၊နွားများကို အဆက်မပြတ် ဆက်လက်ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

လှူဒါန်း

ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် အရှေ့ဒဂုံစက်မှုဇုန် ဒီပဲယင်းဝန် ဦးမြဲလမ်းနေ ဦးဇော်လင်းက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရနဝကမ္မ ငွေပဒေသာပင် အလှူငွေကျပ် ငါးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး (၁) ဦးသိန်းအောင် လက်ခံယူစဉ်။ (က-ပ)

✻ ရွှေဖုံးမှ

ရုပ်မြင်သံကြားမှ ဒေါ်ခင်မိုးဦးနှင့် ဒေါ်လိန်းမောင်းပန်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားအစီအစဉ်များကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ဖတ်ကြားတင်ပြ ကြေညာကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် မိမိတို့ မြန်မာအမျိုးသမီးများသည် အမျိုးဘာသာ၊သာသနာ စောင့်ရှောက်ထိန်းသိမ်းမြှင့်တင်ကြရာတွင် စံနမူနာယူဖွယ် ထူးခြားသည့် ယဉ်ကျေးမှုဓလေ့စရိုက်ကို ပိုင်ဆိုင်ကြသူများဖြစ်ကြကြောင်း၊ ဤကဲ့သို့ ယဉ်ကျေးသိမ်မွေ့သူ မြန်မာအမျိုးသမီးများသည် အခြေခံအကျဆုံးဖြစ်သော မိသားစုတာဝန်မှသည် တိုင်းကျိုးပြည်ပြုလုပ်ငန်းတာဝန်များအထိ မြန်မာ့သမိုင်း တစ်လျှောက် အမျိုးသားများနှင့် ရင်ပေါင်တန်း ဆောင်ရွက်ခဲ့ကြသည့်အတွက် နေရာပေး အလေးထားမှု ခံယူရသောသူများဖြစ်ကြောင်း၊ မြန်မာ့သမိုင်းမှတ်တမ်းများအရ အမျိုးသားရေး၊ ဘာသာရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကအဖွဲ့ဝင် ဒေါ်ခင်လေးသက် "ယဉ်ကျေးလှပ မြန်မာအမျိုးသမီးများဘဝ" ဓာတ်ပုံပြိုင်ပွဲတွင် ဒုတိယဆုရ ဦးအောင်ကျော်ထွန်း (ပုသိမ်ကြီး)အား ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဥပဒေပြုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စာပေ စသည့် ကဏ္ဍအသီးသီးမှ မော်ကွန်းတင်ခံရသော မြန်မာအမျိုးသမီး အမြောက်အမြား ပေါ်ထွန်းခဲ့ကြောင်း၊ အခုအခါတွင်လည်း စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ နည်းပညာ စသည့် ကဏ္ဍအသီးသီးတွင် အောင်မြင်မှုရရှိနေသော အမျိုးသမီးများ ပေါ်ထွန်းနေပြီး နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် ရှေ့တန်းက ပါဝင်နေပြီဖြစ်သည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် အခမ်းအနားတွင် မြို့တော်ခန်းမ၌ ခင်းကျင်းပြသထားသည့် ၂၀၀၇ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနား မှတ်တမ်းဓာတ်ပုံများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ အကြိုလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများ၊ အမျိုးသား စာပေဆုရ စာရေးဆရာမကြီးများ၏ အမျိုးသားစာပေဆုရ သုတ၊ ရသ စာအုပ်များကို ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရအနေဖြင့် သမိုင်းအစဉ်အလာကောင်းသည့် မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် အမျိုးသမီးများဘဝ ပိုမိုတိုးတက်ဖွံ့ဖြိုးလာစေရေးအတွက် ဦးဆောင်လမ်းညွှန် ဆောင်ရွက်သွားနိုင်ရန် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ၁၉၉၆ ခုနှစ် ဇူလိုင်လ ၃ ရက်တွင် စတင်ဖွဲ့စည်းပေးခဲ့ပြီး ဇူလိုင် ၃ ရက်ကိုပင် မြန်မာအမျိုးသမီးများနေ့အဖြစ် နိုင်ငံတော်က သတ်မှတ်ပြဋ္ဌာန်းပေးခဲ့ကြောင်း။

ထို့ကြောင့် ယနေ့သည် မြန်မာအမျိုးသမီးများ၏ ထူးချွန်ထက်မြက်သော စွမ်းရည်ကောင်းများ၊ လေးစားဂုဏ်ယူမြတ်နိုးဖွယ် ဂုဏ်ဒြပ်များနှင့် အစဉ်အလာကောင်းများအစရှိသည့် ဂုဏ်ရည်များကို ရည်ညွှန်းဖော်ပြ ဂုဏ်ပြုသောနေ့ဖြစ်ကြောင်း ပြောကြားလိုကြောင်း။

၁၉၉၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် ဖွဲ့စည်းခဲ့သော မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီအနေဖြင့် အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားအဆင့်ယန္တရား(National Mechanism) တစ်ရပ်အဖြစ် ရပ်တည်ဆောင်ရွက်ခဲ့ရာမှ အမျိုးသမီးများ၏ ဘဝလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အမျိုးသမီးများကိုယ်တိုင် ဦးဆောင်သည့် အင်အားစုတစ်ရပ်အဖြစ် စုဖွဲ့ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန် ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ထပ်မံဖွဲ့စည်းခဲ့ကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် အမျိုးသားရေး အကျိုးစီးပွားစစ်စစ်ကိုသာ ရှေးရှုသည့် အခြေခံမူများကို ချမှတ်ခဲ့ပြီး ယင်းအခြေခံမူများနှင့်အညီ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ဖွဲ့စည်းရာတွင် မြန်မာအမျိုးသမီးများ၏ ဘဝလုံခြုံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အလေးထားဦးတည်သည့် မွန်မြတ်မြင့်မားသော ရည်ရွယ်ချက်(၇)ရပ်ဖြင့် သတ်မှတ်ဖွဲ့စည်းခဲ့ကြောင်း။

ယင်းရည်ရွယ်ချက်များမှာ-

(၁) အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရန်၊

(၂) အမျိုးသမီးများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်၊

(၃) အမျိုးသမီးများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသည်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်၊

(၄) တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုဓလေ့ထုံးစံများကို ပိုမိုမြတ်နိုးတန်ဖိုးထားသည့် စိတ်ဓာတ်မြှင့်တင်ရေးအတွက် အမျိုးသမီးများကို လေ့ကျင့်ပျိုးထောင်ပေးရန်၊

(၅) အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုစနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၆) အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးမှု လျှော့နည်းပပျောက်ရေးအတွက် အမျိုးသားရေး တာဝန်တစ်ရပ်အသွင်ဖြင့် ဆောင်ရွက်ရန်၊

(၇) အမျိုးသမီးများ၏ အခွင့်အရေးများကို တိုင်းရင်းသားယဉ်ကျေးမှုဓလေ့ထုံးစံနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်တို့ဖြစ်ကြောင်း။

ယင်းရည်ရွယ်ချက်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် ပြည်နယ်၊တိုင်း၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအဆင့်အထိ အမျိုးသမီးရေးရာအဖွဲ့အဆင့်ဆင့်ကို ဖွဲ့စည်း လှုပ်ရှားလျက်ရှိရာ မြန်မာအမျိုးသမီးများ၏ ဘဝလှပရေးအတွက်ကြိုးပမ်းရင်း နိုင်ငံနှင့်လူမျိုးအကျိုးကို သယ်ပိုးထမ်းဆောင်နေသည့်အဖွဲ့အစည်းကြီးတစ်ရပ်အဖြစ် ရပ်တည်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဖွဲ့စည်းခဲ့သော လေးနှစ်ကျော်ကာလအတွင်းတွင် အဖွဲ့ဝင်အင်အား ၄ဒသမ ၁သန်းခန့် ရှိနေပြီဖြစ်ပြီး ဒေသအသီးသီး၌ နိုင်ငံတော်အတွက် အားထားရမည့် အမျိုးသမီးအင်အားစုများအဖြစ် စုစည်းတည်ရှိနေပြီဖြစ်ကြောင်း၊ လူမှုရေးစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ကြသည့် မြန်မာတိုင်းရင်းသူအမျိုးသမီးတိုင်း အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး နိုင်ငံအကျိုးကို သယ်ပိုးဖြည့်ဆည်းခွင့် ရရှိနေပြီဖြစ်သည့်အလျောက် အဖွဲ့ဝင်ဦးရေသည်လည်း ဆက်လက်တိုးပွားလျက်ရှိကြောင်း။

မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်အနေဖြင့် လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ အမျိုးသမီးထုတစ်ရပ်လုံး၏ အကျိုးစီးပွားအပါအဝင်ဖြစ်သည့် နိုင်ငံတော်ဖွံ့ဖြိုးရေးစီမံကိန်း အစီအစဉ်များ၌ ပါဝင်ပူးပေါင်းဆောင်ရွက်နေသကဲ့သို့ အမျိုးသမီးများဆိုင်ရာ နိုင်ငံတကာပြဋ္ဌာန်းချက်များ၊ ပဋိညာဉ်များနှင့် ထင်ဟပ်လျက် မြန်မာအမျိုးသမီးများ၏ လက်တွေ့ဘဝနှင့်ကိုက်ညီမည့် လုပ်ငန်းစဉ်များလည်း ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်မြမြစန်း ၂၀၀၇ ခုနှစ် ထူးချွန်အမျိုးသမီး မီးသတ်တပ်ဖွဲ့ဝင် မီးသတ်ဦးစီးဌာန ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းမှ အသက်ကယ်နည်းပြဆရာမ မီးသတ်တပ်ကြပ် တင်စန္ဒာချိုအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ဤကဲ့သို့ လုပ်ငန်းစဉ်များချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း ကဏ္ဍအလိုက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ကျယ်ကျယ်ပြန့်ပြန့် ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

အမျိုးသမီးများဘဝလုံခြုံရေးကဏ္ဍများတွင် အမျိုးသမီးများ အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းများ၊ လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများအပြင် ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများကိုလည်း နိုင်ငံတော်အစိုးရ သက်ဆိုင်ရာဌာနများနှင့် အတူ လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဟောပြောခြင်း၊ ပညာပေးဌာနများဖွင့်လှစ်ခြင်း၊ နှစ်သိမ့်ဆွေးနွေးခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်နိုင်သည့်အပြင် ပြည်နယ်နှင့်တိုင်းများတွင် Mobile Training Team များဖြင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအတွက် သင်တန်းများပေးခြင်း၊ လူကုန်ကူးခံရသူ အမျိုးသမီးငယ်များကို ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုအသိုင်းအဝိုင်းတွင် ပြန်လည်ဝင်ဆံ့အောင်ပြုစုပျိုးထောင်ခြင်း၊ အသက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးပြီး အလုပ်အကိုင်ရှာဖွေပေးခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြကြောင်း။

အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအနေဖြင့် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ပညာရည်မြှင့်တင်ရေးအစီအစဉ်များကို ဆောင်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဂုဏ်ထူးဆောင် နာယက ဒေါ်ကြိုင်ကြိုင် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားသို့ တက်ရောက်အားပေး ချီးမြှင့်စဉ်နှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရွက်ရာတွင် နှစ်စဉ်ပညာသင်စရိတ်မျာ...
ပံ့ပိုးကူညီ ထောက်ပံ့နေသကဲ့သို့ ကျောင...
ရေး၊ စဉ်ဆက်မပြတ် ပညာရေး အစ...
ဆောင်ရွက်လျက်ရှိကြောင်း။

ကျန်းမာရေးပိုင်းဆိုင်ရာအနေဖြင့်...
ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများ၊ ကုလ...

**နိုင်ငံတော် အေးချမ်းသာယ...
ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်က...
ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်...
မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့...
ဒေါ်မြမြစန်း ၂၀၀၇ခုနှစ် ထူးချွန်အ...
မွန်ပြည်နယ် မော်လမြိုင်မြို့နယ်...
တပ်ခွဲမှူး မလေးလေးခက်အား ဂု...**

နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း...
ကျန်းမာရေးစောင့်ရှောက်မှုနှင့် အသိ...
ကူးစက်မှု တားဆီးကာကွယ်ရေး အသိ...
နှင့် နှစ်သိမ့်ဆွေးနွေးမှုလုပ်ငန်းများကို...

အမျိုးသမီးများ၏ လူနေမှုဘဝမြှင့်...
ကျောင်း နည်းပညာသင်ကျောင်း၊ နည်းပ...
အလုပ်အကိုင်ရှာဖွေပေးခြင်းအပြင်...
အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိ...

ထို့အပြင် မျိုးချစ်စိတ်ဓာတ် ရှင်သ...
သိမ်းရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်း...
စည်းလုံးညီညွတ်ရေးတို့အတွက် စည်းရုံး...

မြန်မာအမျိုးသမီးများအတွက် သ...
ဇူလိုင် ၃ ရက် **"မြန်မာအမျိုးသမီးမျ...**
ကိုယ်စားပြုသော မြန်မာနိုင်ငံအမျိုးသမီး...
အခမ်းအနားများကို ကျင်းပပြုလုပ်ခဲ့...
အနေဖြင့်လည်း တိုင်းနှင့်ပြည်နယ်အ...
ကြောင်း၊မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်...

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဂုဏ်ထူးဆောင် နာယက ဒေါ်ကြိုင်ကြိုင် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားသို့ တက်ရောက်အားပေး ချီးမြှင့်စဉ်နှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ရွက်ရာတွင် နှစ်စဉ်ပညာသင်စရိတ်များ၊ သင်ထောက်ကူ ပစ္စည်းများဖြင့် ပံ့ပိုးကူညီ ထောက်ပံ့နေသကဲ့သို့ ကျောင်းပြင်ပ ပညာရေး၊ စာတတ်မြောက်ရေး၊ စဉ်ဆက်မပြတ် ပညာရေး အစရှိသည့်ကဏ္ဍများတွင်လည်း ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

ကျန်းမာရေးပိုင်းဆိုင်ရာအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့်တကွ ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများအပါအဝင်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်မြမြစန်း ၂၀၀၇ခုနှစ် ထူးချွန်အမျိုးသမီး ကြက်ခြေနီတပ်ဖွဲ့ဝင် မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ကြက်ခြေနီသူနာပြုတပ်ရင်းမှ တပ်ခွဲမှူး မလေးလေးခက်အား ဂုဏ်ပြုဆု ချီးမြှင့်စဉ်။

(သတင်းစဉ်)

နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး အမျိုးသမီးများ၏ မျိုးဆက်ပွား ကျန်းမာရေးစောင့်ရှောက်မှုနှင့် အသိပညာပေးရေး၊ HIV/AIDS ရောဂါကူးစက်မှု တားဆီးကာကွယ်ရေး အသိပညာပေးရေး၊ ပြုစုစောင့်ရှောက်ရေးနှင့် နှစ်သိမ့်ဆွေးနွေးမှုလုပ်ငန်းများကို ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

အမျိုးသမီးများ၏ လူနေမှုဘဝမြှင့်တင်ရေးအတွက် အသက်မွေးဝမ်းကျောင်း နည်းပညာသင်ကျောင်း၊ နည်းပညာသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ အလုပ်အကိုင်ရှာဖွေပေးခြင်းအပြင် ဝင်ငွေတိုးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့အပြင် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ ယဉ်ကျေးမှုထိန်းသိမ်းရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာများနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးတို့အတွက် စည်းရုံးလှုပ်ရှားဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာအမျိုးသမီးများအတွက် သမိုင်းမှတ်တိုင်နေ့ တစ်နေ့ဖြစ်သည့် ဇူလိုင် ၃ ရက် **"မြန်မာအမျိုးသမီးများနေ့"** ကို မြန်မာအမျိုးသမီးထုကိုယ်စားပြုသော မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကကြီးမှူးပြီး နှစ်စဉ်အခမ်းအနားများကို ကျင်းပပြုလုပ်ခဲ့ကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့်လည်း တိုင်းနှင့်ပြည်နယ်အသီးသီးတွင် ကျင်းပပြုလုပ်လျက်ရှိကြောင်း၊မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပညာရေး၊ ကျန်းမာရေး၊ အားကစား၊ အနုပညာယဉ်ကျေးမှု အစရှိသည့် ကဏ္ဍအသီးသီးတွင် အကြိုလှုပ်ရှားမှုများ ကျင်းပပြုလုပ်ခဲ့ကြောင်း။

၂၀၀၈ခုနှစ် ဇွန်၂၇ရက်တွင် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် စာတမ်းဖတ်ပွဲများ ကျင်းပပြုလုပ်ခဲ့ကြောင်း၊ စာတမ်းခေါင်းစဉ်များမှာ-

- **(၁) "မြန်မာနိုင်ငံ အသေးစားဘဏ္ဍာရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုနှင့် အမျိုးသမီးများကဏ္ဍ"**
- **(၂) "လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် အမျိုးသမီးရေးရာ အခန်းကဏ္ဍ"**
- **(၃) "မြန်မာအမျိုးသမီးများ၏ အားကစားနှင့်ကျန်းမာရေး"**
- **(၄) "လူတိုင်းအတွက် ပညာရေးနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အခန်းကဏ္ဍ"**
- **(၅) "အမျိုးသားယဉ်ကျေးမှုနှင့် မြန်မာအမျိုးသမီးများ၏ကဏ္ဍ"**

အစရှိသည့် ခေါင်းစဉ်များဖြင့် သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက စာတမ်းများဖတ်ကြား တင်သွင်းဆွေးနွေးခဲ့ကြကြောင်း။

ထို့အပြင် မြန်မာအမျိုးသမီးများနေ့ ဆိုင်းဘုတ်တင်ပွဲကို ဇွန် ၂၄ရက်တွင် ရန်ကုန်မြို့တော်ခန်းမနှင့် လှည်းတန်းမီးပွိုင့်တွင်လည်းကောင်း၊ ၂၅ရက်တွင် နေပြည်တော်မြို့မဈေးတွင်လည်းကောင်း ပြုလုပ်ခဲ့ပြီး ဝတ်စားဆင်ယင်မှုပြပွဲ၊ ဆောင်းပါးပြိုင်ပွဲ၊ ဓာတ်ပုံပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲများကိုလည်း ပြုလုပ်ခဲ့ကြကြောင်း။

မိမိတို့အမျိုးသမီးများ၏ ဘဝလုံခြုံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုသည် အေးချမ်းတည်ငြိမ်သည့်အခြေအနေနှင့် ပတ်ဝန်းကျင်ကောင်း၌သာ ဖြစ်ထွန်းနိုင်ကြောင်း၊ နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်ရေးသည် မိမိတို့ မြန်မာအမျိုးသမီးများအပါအဝင် တစ်မျိုးသားလုံး၏ အကျိုးစီးပွားဖြစ်ကြောင်း။

မိမိတို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် မြန်မာအမျိုးသမီးများ၏ဘဝ လုံခြုံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် မားမားမတ်မတ် ရပ်တည်ဆောင်ရွက်သွားမည့်နည်းတူ သမိုင်းစဉ်လာမပျက် မြန်မာအမျိုးသမီးများ၏ဂုဏ်ရောင်ထွန်းပြောင်စေပြီး နိုင်ငံတော်အတွက်အားထားရသည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ယခုအခါတွင်လည်း မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်တည်ဆောက်လျက်ရှိရာ စတုတ္ထအဆင့်ဖြစ်သည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုရေးအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် တစ်နိုင်ငံလုံး၏ တစ်ခဲနက်ထောက်ခံမှုကိုရရှိခဲ့သည့်အတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် လှိုက်လှဲစွာ ကြိုဆိုဂုဏ်ပြုအပ်ပါကြောင်း။

နိဂုံးချုပ်အားဖြင့် မြန်မာ့သမိုင်းစဉ်တစ်လျှောက် နိုင်ငံတော်နှင့် လူမျိုးအကျိုးစီးပွားကို သယ်ပိုးထမ်းဆောင်ရာတွင် လည်းကောင်း၊ မြန်မာ့လူ့ဘောင် ရှင်သန်ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းရာတွင်လည်းကောင်း၊ နောင်တစ်ခေတ်၏ မျိုးဆက်သစ်လူငယ်များကို ပြုစုပျိုးထောင် မြေတောင်မြှောက်ပေးရာတွင်လည်းကောင်း မြန်မာအမျိုးသမီးများအနေဖြင့် ကျရာအခန်းကဏ္ဍအသီးသီးမှနေပြီး မြန်မာအမျိုးသမီးများ၏ဂုဏ်ရောင် ထွန်းပြောင်အောင် စွမ်းစွမ်းတမံပါဝင်ဆောင်ရွက်နိုင်ခဲ့ရုံသာမက ယနေ့တိုင်လည်း ပါဝင်ဆောင်ရွက်လျက်ရှိရာ ယင်းကဲ့သို့ ထူးခြားကောင်းမြတ်သည့် ဂုဏ်ဒြပ်တို့ဖြင့် ပြည့်စုံလှသော မြန်မာအမျိုးသမီးထုကြီးကို ဂုဏ်ပြုတင်စားသည့်အနေဖြင့် **"မြန်မာအမျိုးသမီးများနေ့"**ကို ထိုက်တန်စွာ ကျင်းပပြုလုပ်နိုင်ခြင်းသည် မြန်မာအမျိုးသမီးတိုင်းအတွက် အထူးဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း ပြောကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် အခမ်းအနားမှူးများက ဆုရရှိကြသူများ၏ ကိုယ်ရေးအကျဉ်းချုပ်ကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ဖတ်ကြားကြေညာကြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြိုင်ကြိုင်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ထူးချွန်အမျိုးသမီးများအား ချီးမြှင့်သော ဂုဏ်ပြုဆုများကို ချီးမြှင့်ရာ ၂၀၀၈ ခုနှစ် အာဆီယံအမျိုးသမီးစီးပွားရေးထူးချွန်ဆု ရရှိသူ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်ခင်မြင့်မြင့်၊ ၂၀၀၆ခုနှစ် အမျိုးသားစာပေ တစ်သက်တာဆုရ အမျိုးသမီးစာရေးဆရာမကြီး ဒေါ်ကြန်(မကြန်)၊ ၂၀၀၆ခုနှစ် အမျိုးသားစာပေ (လူငယ်စာပေ)ဆုရ အမျိုးသမီးစာရေးဆရာမကြီး ဒေါ်ချိုချိုတင် (မစန္ဒာ)၊ ၂၀၀၆ခုနှစ် အမျိုးသားစာပေ (ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ)ဆုရ အမျိုးသမီးစာရေးဆရာမ ဒေါ်မိုးသီတာထွေး (သျှင်ထွေးယဉ်) (မနုသ)၊ ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး၌ အောင်မှတ်အများဆုံးရ ကျောင်းသူ ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မခင်မြတ်နိုးထွန်းနှင့် ၂၀၀၇ခုနှစ် ထူးချွန်အမျိုးသမီးရဲတပ်ဖွဲ့ဝင် ရဲမှူး ဒေါ်သန်းအေးတို့အား ဂုဏ်ပြုဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဂုဏ်ထူးဆောင် နာယက ဒေါ်မြမြစန်းက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ထူးချွန်အမျိုးသမီးများအား ချီးမြှင့်သော ဂုဏ်ပြုဆုများကို ချီးမြှင့်ရာ ၂၀၀၇ ခုနှစ် ထူးချွန်အမျိုးသမီး ကြက်ခြေနီ တပ်ဖွဲ့ဝင် မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ကြက်ခြေနီ သူနာပြုတပ်ရင်းမှ တပ်ခွဲမှူး မလေးလေးခက်၊ ၂၀၀၇ခုနှစ် ထူးချွန်အမျိုးသမီး အားကစားမယ် မစိုးစိုးမြ (တိုက်ကွမ်ဒို)၊ ၂၀၀၇ခုနှစ် ထူးချွန်အမျိုးသမီး မသန်စွမ်း အားကစားမယ် မထက်ထက်အေး၊ ၂၀၀၇ခုနှစ် ထူးချွန် အမျိုးသမီး မီးသတ်တပ်ဖွဲ့ဝင် မီးသတ်ဦးစီးဌာန ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းမှ အသက်ကယ်နည်းပြဆရာမ မီးသတ်တပ်ကြပ် တင်စန္ဒာချိုနှင့် အကြိမ်အများဆုံး သွေးလှူရှင်အမျိုးသမီး (၉၅)ကြိမ်မြောက် သွေးလှူရှင် ဒေါ်မြင့်မြင့်စန်းတို့အား ဂုဏ်ပြုဆုများကို ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကအဖွဲ့ဝင် ဒေါ်ခင်လေးသက်က မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျင်းပသော **"ယဉ်ကျေးလှပ မြန်မာအမျိုးသမီးများဘဝ"** ဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရ ဦးမြင့်သိန်း(ရှုပ)၊ ဒုတိယဆုရ ဦးအောင်ကျော်ထွန်း (ပုသိမ်ကြီး)၊ တတိယဆုရ ကိုကိုစိုးညွန့်(နယူးလိုက်အော့ဖ်မြန်မာ)နှင့် အထူးဆုရရှိသူ ခုနစ်ဦးတို့ကိုယ်စား ဦးစောအောင်မင်း(နယူးအာရှဓာတ်ပုံ)တို့အားဂုဏ်ပြုဆုများကိုချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ

စာမျက်နှာ ၁၀ ကော်လံ ၁ သို့▲

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း "မြန်မာအမျိုးသမီးများ ကြိုးစားဆောင်ရွက် တိုင်းပြည်အတွက်" ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရ မစောကဏ္ဍသက်မောင်အား ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း "မြန်မာအမျိုးသမီးများ ကြိုးစားဆောင်ရွက် တိုင်းပြည်အတွက်" ဆောင်းပါးပြိုင်ပွဲတွင် ဒုတိယဆုရ ဒေါက်တာနွယ်နွယ်စိုး (နွယ်လေး-မြန်မာစာ)အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

▲ စာမျက်နှာ ၉ မှ

ဒေါ်ခင်ခင်ဝင်းက မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျင်းပသော **"မြန်မာအမျိုးသမီးများ ကြိုးစားဆောင်ရွက် တိုင်းပြည်အတွက်"** ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရ မစောက္ကန္ဒာသက်မောင်၊ ဒုတိယဆုရရှိကြသော အလုပ်သင်ဆရာဝန် ချမ်းငြိမ်းသူ၊ ဒေါက်တာချိုချိုတင့်(မတင့်-မြန်မာစာ)၊ ဒေါက်တာနွယ်နွယ်စိုး(နွယ်လေး-မြန်မာစာ)နှင့် တတိယဆုရ ဦးထွန်းထွန်းဝင်း(ခွန်ထီးငယ်-သမိုင်း)တို့အား ဂုဏ်ပြုဆုများကို ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် မြို့တော်ခန်းမ၌ ခင်းကျင်းပြသထားသည့် ၂၀၀၇ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနား မှတ်တမ်းဓာတ်ပုံများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ ထူးချွန်ဆုရ အမျိုးသမီးများ၏ မှတ်တမ်းဓာတ်ပုံများ၊ မြန်မာအမျိုးသမီးများနေ့ အကြိုလှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ အမျိုးသားစာပေဆုရ စာရေးဆရာမကြီးများ၏ အမျိုးသားစာပေဆုရ သုတ-ရသ စာအုပ်များ၊ အားကစားထူးချွန် အမျိုးသမီးများ၏ မှတ်တမ်းဓာတ်ပုံများနှင့် ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာအဖွဲ့၏ မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။ (သတင်းစဉ်)

❖ ရှေ့ဖုံးမှ

တည်ထောင်ထားသည့် တွဲဖက်မူလတန်းကျောင်းဟူ၍ လုံးဝမကျန်ရှိတော့ဘဲ နိုင်ငံတော်မှ တာဝန်ယူသည့် အခြေခံပညာ မူလတန်းကျောင်းများအဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

ထို့အပြင် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးစာအုပ်များကိုလည်း ကျောင်းဖွင့်သည်နှင့် တစ်ပြိုင်နက် လက်ဝယ်အရောက် ဖြန့်ဝေပေးပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၇-၂၀၀၈ (သောကြာနေ့)

AM & PM	
၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	" နှလုံးသားမှာတရားကိန်းပါ " တရားတော် (ပြည်တွင်းပြည်ပသာသနာပြုအောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၇း၅၅ - ၁း၅၅	The Golden Triangle: Past the Present
၈း၃၅ - ၂း၃၅	တေးဂီတအစီအစဉ်
၈း၄၀ - ၂း၄၀	သမိုင်းဝင်ထူးခြားကမ္ဘာကျော်စီနိုက်ကြီးများ
၉း၀၀ - ၃း၀၀	Activities in The City
၉း၁၀ - ၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀ - ၃း၂၀	တေးဂီတအစီအစဉ်
၉း၂၅ - ၃း၂၅	လေ့လာသင်ကြားဟိုတယ်လုပ်ငန်းများ
၉း၄၅ - ၃း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀ - ၃း၅၀	ဂီတသမားတစ်ယောက်၏ဘဝ
၁၀း၁၅ - ၄း၁၅	မိုးလေဝသခန့်မှန်းချက်
၁၀း၂၀ - ၄း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅ - ၄း၂၅	Art Vision (Small Beauties ပန်းချီပြပွဲ)
၁၀း၄၅ - ၄း၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၅ - ၄း၅၅	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးနှင့် ဆွေးနွေးခန်း)
၁၁း၁၀ - ၅း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅ - ၅း၁၅	စားချင်စဖွယ်နည်းအသွယ်သွယ် (မှိုထမင်းသုပ်ပြုလုပ်နည်း)
၁၁း၂၅ - ၅း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၀ - ၅း၃၀	ရော်ဘာစိုက်ပျိုး ပြည့်အကျိုး ဆတိုးဆောင်ရွက်စီးပွားတက်
၁၁း၄၀ - ၅း၄၀	တေးဂီတအစီအစဉ်
၁၁း၄၅ - ၅း၄၅	လေလှိုင်းမှဖြေကြားပရိသတ်များအမေးစကား
၁၂း၁၅ - ၆း၁၅	**ဇင်ဇင်နှင့်ခြင်ကျား (ဇင်ဇင်ဇော်မြင့်၊ လင်းလင်းဇော်မြင့်) (ဒါရိုက်တာ-စင်ရော်မောင်မောင်)**
၁၂း၂၅ - ၆း၂၅	တေးဂီတအစီအစဉ်
၁၂း၃၀ - ၆း၃၀	Fashion Guide (ငါးထပ်ကွမ်းအကယ်ဒမီမြင့်မြင့်ခင်နှင့် တွေ့ဆုံခြင်း)
၁၂း၅၀ - ၆း၅၀	ဒေသဧရာအစားအစာ ပုသိမ်ဟာလဝါ
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 **အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်**
UHF **တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

အကြိမ်(၁၁၀)ပြည့် သွေးလှူဒါန်း

ရန်ကုန် ဇူလိုင် ၃

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး (၃) သုခမ္မမဏိဇောတရေ ဦးစိုးရှိန်(မောင်စိုးထိုက်-သုံးဆယ်)စာပေဆုများနှင့် လူမှုထူးချွန် (တတိယ /ပထမဆင့်) ဆုရှင် **(ယာပုံ)**သည် အမှတ်(၂) တပ်မတော်ဆေးရုံကြီးတွင် ဇူလိုင် ၃ ရက်က အကြိမ်(၁၁၀)ပြည့် သွေးလှူခဲ့ကြောင်း သတင်းရရှိသည်။ (က-ပ)

သဲဖြူတောရရိပ်သာ ၁၀ ရက်တရားစခန်း

ရန်ကုန် ဇူလိုင် ၃

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် သဲဖြူကျေးရွာရှိ သဲဖြူတောရဓမ္မရိပ်သာ၌ ဇူလိုင် ၁၁ ရက် မှ ၂၁ ရက်အထိ တရားစခန်းကျင်းပမည်ဖြစ်သည်။ ယောဂီများ ဖုန်း- ၆၆၀၁၆၃၊ ၆၆၇၇၁၆ နှင့် ၆၆၂၈၃၆ သို့ ဆက်သွယ်စာရင်းပေးသွင်းကြပါရန်နှင့် စုရပ်ဖြစ်သည့် အရှေ့ကြို့ကုန်း စွန်းလွန်းဂူကျောင်းတိုက်သို့ ဇူလိုင် ၁၁ ရက် မွန်းလွဲ ၁ နာရီခွဲ အရောက်လာရန် တရားစခန်းအကျိုးတော်ဆောင်အဖွဲ့က နှိုးဆော်ထားသည်။ (က-ပ)

မဟာပဋ္ဌာန်းကျောင်း ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၃

ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြို့မရပ်ကွက် ဗဟန်း(၃)လမ်းရှိ သုခမ္မာတိုက် မဟာပဋ္ဌာန်းကျောင်းတိုက်၌ ဆရာတော် သဒ္ဓမ္မဇောတိကဓဇ မဟာပဋ္ဌာန်း ဆရာတော်ဘဒ္ဒန္တဝါယမနှင့် သံဃာတော်များအား တပည့်ဒါယကာ၊ ဒါယိကာမများက စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်ပွဲ
ရန်ကုန်တိုင်းအမျိုးသားအသင်း ၁၃ နှစ်ဆက်ဖိုလ်စွဲ

ရန်ကုန် ဇူလိုင် ၃

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပသော ၂၀၀၈ခုနှစ် (၁၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်ပွဲ၏ ဖိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇွန် ၂၉ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့အောင်ဆန်းကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။

ဖိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီအတွင်းရေးမှူးဒေါ်အယ်လ်ခွန်းရီက ရွှေတံဆိပ်သုံးခုဖြင့် အမျိုးသမီး အကောင်းဆုံး အားကစားသမားဆုရရှိသော တင်မိုးခိုင်(ရန်ကုန်တိုင်း)အားလည်းကောင်း၊ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်က ရွှေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်တစ်ခုဖြင့် အမျိုးသားအကောင်းဆုံး အားကစားသမားဆုရရှိသော သန်းထိုက် (မန္တလေးတိုင်း)အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမျိုးသမီးပြိုင်ပွဲတွင် ရွှေတံဆိပ်ငါးခုဖြင့် ပထမရရှိပြီး နှစ်နှစ်ဆက်တိုက်ချန်ပီယံ ရန်ကုန်တိုင်းအသင်းအားလည်းကောင်း၊ အမျိုးသားပြိုင်ပွဲတွင် ရွှေတံဆိပ်လေးခု၊ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်နှစ်ခုဖြင့် ပထမရရှိကာ (၁၃)နှစ်ဆက်တိုက်ချန်ပီယံ ရန်ကုန်တိုင်းအသင်းအား လည်းကောင်း တံခွန်စိုက်ဒိုင်းဆုကြီးများနှင့် ဆင့်ပွားဒိုင်းများကို ပေးအပ်ချီးမြှင့်သည်။ (ကြေးမုံ)

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့

၂၀၀၈ခုနှစ်၊ ဇူလိုင်လ ၁၃ရက်၊ တနင်္ဂနွေနေ့

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့

အခြေခံပညာကျောင်းအားလုံးပါဝင်ဆင်နွှဲကြပါစို့။

ပညာရေးဝန်ကြီးဌာန

ရွှေမင်းဝန်တောရ ကမ္မဋ္ဌာန်းကျောင်း ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် တန်ဆောင်းစကြာလမ်း အလှူတော်ရေစက်ချပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၃

နှစ်စဉ်ကျင်းပမြဲဖြစ်သော အင်းလေးဖောင်တော်ဦး ကိုယ်ပွားဗုဒ္ဓရုပ်ပွားတော်များနှင့် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်မြတ်များ စံကျောင်းသို့ပြန်လည်ပင့်ဆောင်ပူဇော်ပွဲ၊ မြောက်ဥက္ကလာပမြို့နယ် ဓမ္မမေဒိနီ ပရိယတ္တိစာသင်တိုက်နှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် မင်္ဂလာဒုံမြို့နယ် ရွှေမင်းဝန်တောရ ကမ္မဋ္ဌာန်းကျောင်းတိုက်တို့တွင် ပုရိမဝါကပ်တော်မူကြမည့် ရဟန်းသာမဏေအပါး ၂၀၀ ကျော်တို့အား ဝါဆိုသင်္ကန်းနှင့် စာအောင်သံဃာတော်များအား ဒါတဗ္ဗဝတ္ထုအစုစုတို့ကိုကပ်လှူခြင်း၊ ဘဒ္ဒန္တဇာနေယျ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၏ တပည့်၊ အလှူ့ဒါယကာ ဦးခင်မောင်ဝင်းနှင့် အလှူ့ဒါယိကာမ ဒေါ်စန်းစန်းမြင့်မိသားစု (ရွှေဂုံသူအိမ်ရာ၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့)တို့ ဆောက်လုပ်လှူဒါန်းထားသော တန်ဆောင်းစကြာလမ်း လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအလှူတော် မင်္ဂလာပွဲကို ၁၃၇၀ပြည့်နှစ် ဝါဆိုလပြည့် (၁၇-၇-၂၀၀၈)ကြာသပတေးနေ့တွင် ကျင်းပမည်ဖြစ်ပြီး ဝါဆိုသင်္ကန်း၊ သီလရှင်ဆရာလေးဝတ်စုံနှင့် ပစ္စည်းလေးပါးလှူဒါန်းလိုသူများ ဂေါပကအကျိုးဆောင်များထံတွင် လှူဒါန်းနိုင်ကြောင်း၊ ဖုန်း- ၆၉၉၁၆၃၊ ၆၃၈၀၈၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

ကိုးဘွဲ့ရဆရာတော် အရှင်အာစာရာလင်္ကာရ အရှင်သူမြတ်က မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းထောက်ပံ့ရေးပစ္စည်းများကို ဇွန် ၂၂ ရက်က ပေးအပ်လှူဒါန်းရာ မော်လမြိုင်ကျွန်းအသင်း(ရန်ကုန်) ကိုယ်စား တာဝန်ရှိသူများက လက်ခံရယူစဉ်။ (က-ပ)

ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်ပွဲ အမျိုးသမီးပြိုင်ပွဲတွင် နှစ်နှစ်ဆက် ဖိုလ်စွဲသွားသော ရန်ကုန်တိုင်းအသင်းအား အားကစားဝန်ကြီးဌာနဝန်ကြီးကိုယ်စား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အား/ကာ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် ဒိုင်းဆုကြီး ချီးမြှင့်စဉ်။ (အဖွဲ့ချုပ်)

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဆက်လက်ရောက်ရှိ

ရန်ကုန် ဇူလိုင် ၃

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများပေးပို့လျက်ရှိကြရာ ထိုင်းနိုင်ငံအခြေစိုက် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)မှ လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်း ၅၄ ဒသမ ၉၄ တန်သည် ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသည်။ (သတင်းစဉ်)

သာမဏေကျော် ပရိယတ္တိစာသင်တိုက် ဝါဆိုသင်္ကန်းကပ်ပွဲနှင့် ပညာချွန်ဆုပေးပွဲ

ရန်ကုန် ဇူလိုင် ၃

ပဲခူးမြို့၊ ဥသျှောင်မြို့သစ် သာမဏေကျော် ပရိယတ္တိစာသင်တိုက်နှင့် သာမဏေကျော် စာသင်တိုက်ခွဲများ၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တဝိစက္ခဏာဘိဝံသ (သ. စ. သ. အ ဓမ္မာစရိယ၊ B.A Myanmar (Q) မထေရ်မြတ်ကို အမှူးထား၍ သံဃာတော် အရှင်မြတ်အပါး ၁၇၀ တို့အား (၁၅)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် စာမေးပွဲအသီးသီး၌ ဘွဲ့တံဆိပ်ရ ထူးချွန် သံဃာတော်များအား ပညာချွန်ဆုပေးပွဲအခမ်းအနားကို ၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလပြည့် ဇူလိုင် ၁၇ ရက်(ကြာသပတေးနေ့) နံနက် ၈နာရီတွင် အဆိုပါစာသင်တိုက် စွန်ညီနောင်စွန်မင်း သိမ် - ဆွမ်းစားကျောင်းဆောင်၌ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

မုန်တိုင်းသင့် ပြည်သူများအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် ဇူလိုင် ၃

မုန်တိုင်းသင့် ပြည်သူများအတွက် ပြည်တွင်း/ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ဆက်လက်လှူဒါန်းလျက်ရှိရာ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် (ရန်ကုန်ရုံးခွဲ) အလှူငွေ လက်ခံရာဌာနသို့ ယနေ့ လာရောက်လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံသည်။

အလှူရှင်များမှာ ကာကွယ်ရေးဝန်ကြီးဌာန (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည် မိသားစုများက (ဒုတိယအကြိမ်) ငွေကျပ်သိန်း ၁၂၀၊ ကြံခင်းမြို့နယ် အသင်း(ရန်ကုန်)က ငွေကျပ် ၂၅၀၀၀၀၊ ဦးတင်သိန်းနှင့် ဒေါ်တိုးတိုးအောင် မိသားစု (ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်)က ငွေကျပ် တစ်သိန်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှတစ်ဆင့် ငွေကျပ်သိန်း ၂၀၀၊ Mr. Masatesu Yamato, MSAI Office, Yangon က အက်ဖ်အီးစီ ၁၀၀၊ OLAM International Limited (Singapore)မှတစ်ဆင့် အမေရိကန်ဒေါ်လာ ၄၀၀၀၀ တို့ဖြစ်သည်။

ယနေ့ လက်ခံရရှိသည့် အလှူငွေ စုစုပေါင်းမှာ ငွေကျပ် ၃၂၃၅၀၀၀၀၊ အက်ဖ်အီးစီ ၁၀၀ နှင့် အမေရိကန်ဒေါ်လာ ၄၀၀၀၀ တို့ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပုလောမြို့နယ်အသင်း (ရန်ကုန်) ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၃

ပုလောမြို့နယ်အသင်း (ရန်ကုန်)၏ (၁၃)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို အသင်းတိုက်၌ ၁၃၇၀ ပြည့်နှစ် ဝါဆိုလဆန်း ၁၁ရက်၊ ဇူလိုင် ၁၃ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ၊ မြို့နယ်သူ/မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်လှူဒါန်း ပူဇော်ကြပါရန်နှင့် သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများကို ဥက္ကဋ္ဌ ဦးမောင်လှ ဖုန်း- ၅၁၄၉၆၉၊ ဒု-ဥက္ကဋ္ဌ ဦးဘမြင့် ဖုန်း-၆၉၉၄၄၇၊ ဒု-ဥက္ကဋ္ဌ ဦးကြီးညွန့် ဖုန်း-၂၉၆၉၆၂၊ အတွင်းရေးမှူး ဦးချစ်ထွေး ဖုန်း-၇၀၆၁၇၇၊ တွဲဖက်အတွင်းရေးမှူး ဦးလှဝေ ဖုန်း-၂၂၀၃၂၄၊ ၂၂၉၇၇၁၊ အုပ်ချုပ်ရေးမှူး ဦးကိုလေး ဖုန်း-၂၂၀၃၂၄၊ ၂၂၉၇၇၁ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများဆောင်ရွက်ရန် နှိုးဆော်

နေပြည်တော် ဇူလိုင် ၃

ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာကဏ္ဍ နှစ်ရှည်စီမံကိန်း လုပ်ငန်းစဉ်များကို တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပညာသင်နှစ်အလိုက် အခြေခံပညာကျောင်းအားလုံး၌ ပညာရေး လက်တွေ့ ဖွံ့ဖြိုးမှုလုပ်ငန်းများကို ပညာရေးပြက္ခဒိန်ရေးဆွဲသတ်မှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

၂၀၀၈-၂၀၀၉ ခု ပညာသင်နှစ် ပညာရေးပြက္ခဒိန်အရ ၂၀၀၈ ခုနှစ် ဇူလိုင် ၁၃ ရက် တနင်္ဂနွေနေ့ကို ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့အဖြစ် သတ်မှတ်ထားပြီးဖြစ်သဖြင့် အဆိုပါ နေ့ရက်တွင် မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းအလိုက် ကျောင်းအုပ်ကြီးများ၏ ဦးဆောင်မှုဖြင့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ကျောင်းနှင့် ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အပြည့်အဝ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် သက်ဆိုင်ရာမှ နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၃

ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ သတ္တမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပူဇော်ပွဲကို ပသုံးလုံး ကျောင်းတိုက်၏ ပဓာန နာယက ဆရာတော် အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘွဲ့တော်ရ ဘဒ္ဒန္တဇောတိက ကိုအမှူးထား၍ သံဃာတော်များအား ပန်းဆိုးတန်းလမ်းရှိ အမှတ် (၃၀၃) ဗုဒ္ဓဝေယျာဝစ္စမြောရုံတွင် ဇူလိုင် ၁၃ ရက် နံနက် ၉ နာရီ၌ ဝါဆိုသင်္ကန်းနှင့် ဆွမ်းဘောဇဉ်တို့ကို ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါသဖြင့် အသင်းသူ၊ အသင်းသားများအား ကြွရောက်ကြပါရန် ဖိတ်ကြားထားသည်။ ဝါဆိုသင်္ကန်းနှင့် နဝကမ္မ အလှူတော်ငွေများကို လှူဒါန်းလိုပါက နာယက ဦးဘစော ဖုန်း- ၆၈၀၇၂၃၊ နာယက ဦးမောင်မောင်ဌေး ဖုန်း- ၃၇၃၉၇၇၊ ဥက္ကဋ္ဌ ဦးတင်နု ဖုန်း- ၅၈၄၂၆၆၊ ဒု-ဥက္ကဋ္ဌ ဦးကျော်ဝင်း ဖုန်း-၂၀၁၁၄၂၊ ဘဏ္ဍာရေးမှူး ဦးကျင်ဝမ်း ဖုန်း- ၂၂၀၀၂၁ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြောင်းမြမြို့နယ် ရွှေးမြစ်အတွင်း၌ စက်လှေတစ်စင်း နစ်မြုပ်မှုဖြစ်ပွား

နေပြည်တော် ဇူလိုင် ၃

ဧရာဝတီတိုင်း မြောင်းမြမြို့နယ် ရွှေးမြစ်အတွင်း၌ ဇူလိုင် ၁ ရက် နံနက်ပိုင်းတွင် ခရီးသည်တင် စက်လှေတစ်စင်း နစ်မြုပ်သွားခဲ့သဖြင့် ခရီးသည်အချို့ သေဆုံးမှုရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်ပွားပုံမှာ ဧရာဝတီတိုင်း မြောင်းမြမြို့နယ် ပကိတ်ကြီးကျေးရွာမှ မြောင်းမြမြို့သို့ ရွှေးမြစ်အတိုင်း ထွက်ခွာလာသည့် ခရီးသည်တင် မျိုးပပထွန်း စက်လှေသည် ဇူလိုင် ၁ ရက် နံနက် ၄ နာရီ မိနစ် ၅၀ ခန့်တွင် စက်လှေ၏ပဲ့ပိုင်း ရေဝင်ရာမှ နစ်မြုပ်သွားခဲ့ပြီး စက်လှေပေါ် ပါရှိလာသူ ခရီးသည် ၈၂ ဦးအနက်မှ ၄၄ ဦးအား ကယ်ဆယ်နိုင်ခဲ့ပြီး ၃၈ဦး သေဆုံးခဲ့သည်။

အဆိုပါ စက်လှေနစ်မြုပ်ရာသို့ ဒေသအာဏာပိုင်များ၊တပ်မတော်သားများနှင့် ကျန်းမာရေးဝန်ထမ်းများ ချက်ချင်းသွားရောက်၍ ကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများနှင့် ကုသရေးလုပ်ငန်းများကို ဝိုင်းဝန်းဆောင်ရွက်ပေးခဲ့ပြီး သေဆုံးသွားသူများအတွက်လည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အန်စစ်နှင့် ဗုဒ္ဓဟူးနေ့က ကစားသောပွဲတွင် ဖက်ဒဲရား၏ ကစားဟန်ကို တွေ့ရစဉ်။ (အင်တာနက်)

ဝင်ဘယ်လ်ဒန် တင်းနစ်ပြိုင်ပွဲ ဖက်ဒဲရား၊ ဆာဖင်၊ နာဒယ်တို့ ဆီမီးဖိုင်နယ် ရောက်ရှိ

ပေကျင်း ဇူလိုင် ၃

၂၀၀၈ ခုနှစ် ဝင်ဘယ်လ်ဒန် တင်းနစ်ပြိုင်ပွဲကို ဇွန် ၂၃ ရက်မှ စတင်၍ လန်ဒန်မြို့၌ ကျင်းပလျက်ရှိရာ ယခုအခါ ဆီမီးဖိုင်နယ်အဆင့်သို့ ရောက်ရှိပြီဖြစ်သည်။

ဗုဒ္ဓဟူးနေ့က ကစားသောပွဲတွင် ကမ္ဘာ့အဆင့်(၁)ဖြစ်သူ ဆွစ်ဇာလန်နိုင်ငံသား ရိုဂျာဖက်ဒဲရားက ခရိုအေးရှားမှ မာရီယို အန်စစ်ကို ၆-၁၊ ၇-၅၊ ၆-၄ ဖြင့် အနိုင်ရရှိပြီး ဆီမီးဖိုင်နယ်သို့ တက်ရောက် သွားပြီဖြစ်သည်။

"ကျွန်တော် ဒီနေ့ ကစားရတာ သိပ်အားရပါတယ်၊ ကျွန်တော့်ရဲ့ စပေးဘောတွေဟာ အလွန်ကို ကောင်းခဲ့ပါတယ်၊ ဒီရိုက်ချက်တွေဟာ မာရီယိုနဲ့ ကစားရတဲ့ပွဲမှာ သိပ်အရေးပါလှပါတယ်" ဟူ၍ ဖက်ဒဲရားက ပွဲအပြီးတွင် ပြောကြားခဲ့သည်။

ဝင်ဘယ်လ်ဒန် တင်းနစ်ပြိုင်ပွဲတွင် (၅)ကြိမ်ဆက်တိုက် ချန်ပီယံဆုကို မရရှိမီ ၂၀၀၂ နှစ်ပြိုင်ပွဲတွင် ပထမပတ်လည် ရှုံးထွက်အဆင့်မှာပင် ဖက်ဒဲရားသည် အန်စစ်ကို ရှုံးနိမ့်ခဲ့ဖူးသည်။

နောက်တစ်ဆင့်တွင် ဖက်ဒဲရားသည် မာရက်ဆာဖင်နှင့် ယှဉ်ပြိုင်ရမည် ဖြစ်သည်။ ဆာဖင်သည် ဖီလီစီယာနို ကိုပက်(စ်)ကို ၃-၆၊ ၇-၅၊ ၇-၆(၁)၊ ၆-၃ ဖြင့် အနိုင်ရရှိခဲ့သော ဝင်ဘယ်လ်ဒန် ဆီမီးဖိုင်နယ်ရောက် ပထမဆုံးသော ရုရှားနိုင်ငံသားဖြစ်သည်။

ကမ္ဘာ့အဆင့်(၂)ရှိသူ ရာဖေးနာဒယ်သည်လည်း အန်ဒီမာရေးကို ၆-၃၊ ၆-၂၊ ၆-၄ ဖြင့် အနိုင်ရရှိသည်။ **အင်တာနက်။**

မြောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်

ရန်ကုန် ဇူလိုင် ၃

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ် လွန်ခဲ့သော ၂၄ နာရီအတွင်းက ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျား၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် ဒေသအလိုက် မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** နေပြည်တော်တွင် ၀ ဒသမ ၉၈ လက်မ၊ မောင်တောမြို့တွင် ၁၂ ဒသမ ၀၁ လက်မ၊ မြောက်ဦးမြို့တွင် ၆ ဒသမ ၀၂ လက်မ၊ ရွှေကျင်မြို့တွင် ၄ ဒသမ ၄၀ လက်မ၊ ညောင်လေးပင်မြို့တွင် ၃ ဒသမ ၉၈ လက်မ၊ ခန္တီးမြို့တွင် ၂ ဒသမ ၀၉ လက်မ၊ သံတွဲမြို့တွင် ၁ ဒသမ ၈၉ လက်မနှင့် ဗန်းမော်မြို့တွင် ၁ ဒသမ ၄၂ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေသည်။

ဇူလိုင် ၄ ရက် ညနေထိ ခန့်မှန်းချက်

ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၂၈ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၈၄ ဒီဂရီဖာရင်ဟိုက်) ၂-၇-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၂ ဒသမ ၅ ဒီဂရီစင်တီဂရိတ်(၇၂ ဒီဂရီဖာရင်ဟိုက်) ၃-၇-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၈၈ ရာခိုင်နှုန်း ၃-၇-၂၀၀၈

နေပူသည့်နာရီပေါင်း ၁ဒသမ၃ နာရီခန့် ၂-၇-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၃-၇-၂၀၀၈	မရှိပါ	မရှိပါ	မရှိပါ
၁-၁-၂၀၀၈ မှ ယနေ့အထိ			
	၁၀၆၆ မမ (၄၁ဒသမ၉၇လက်မ)	၁၃၂၈မမ (၅၂ ဒသမ ၂၈လက် မ)	၁၆၅၅ မမ (၆၅ဒသမ ၁၆ လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂-၇-၂၀၀၈ နေ့ ၁၂း၃၀ နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ (၈)မိုင်နှုန်း တိုက်ခတ်သည်။

မူးယစ်ဆန့်ကျင် အောင်ပွဲဆင်

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၄-၇-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ နှောင်းခတ်တေးပဒသာ
- ၇း၅၀ ၅။ အကပြိုင်ပွဲ
- ၈း၀၀ ၆။ တေးဂီတအစီအစဉ်
- ၈း၃၀ ၇။ International News
- ၈း၄၅ ၈။ အဆိုပြိုင်ပွဲ
- ၉း၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ တေးသံသာ
- ၄း၂၀ ၃။ **"အန္တရာယ်ဆိုတာ လက်တစ်ကမ်းမှာ" (စိုးသူ၊ နန်းကလျာလှိုင်၊ ကျော်မင်းနောင်၊ ကောင်းချန်သစ်၊ ယင်းမာ) (ဒါရိုက်တာ-စောနန္ဒာလှိုင်)**
- ၄း၃၀ ၄။ အတီးပြိုင်ပွဲ
- ၄း၄၀ ၅။ တေးဂီတအစီအစဉ်
- ၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၁၀ ၇။ ကြေးမုံရိပ်သွင် တေးနုယဉ်
- ၆း၀၀ ၈။ ညနေခင်းသတင်း
- ၆း၃၀ ၉။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၀။ သုတစုံလင် ရွှေညာဏ်ရှင်
- ၇း၀၀ ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကာဗီချစ်သူ" (အပိုင်း-၁၀)**
- ၈း၀၀ ၁၂။ ပြည်တွင်းသတင်း
- ၁၃။ နိုင်ငံတကာသတင်းများ
- ၁၄။ မိုးလေဝသအခြေအနေ
- ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပင်လယ်ပျော်မင်းသား" (အပိုင်း-၈)**
- ၁၆။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က စီစဉ်တင်ဆက်သော (၂၀၀၈) ခုနှစ် ဇူလိုင်လ (၃)ရက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် "ဆယ့်နှစ်လရာသီ အလှစုံညီ မြင်သူရှုမဝ မြန်မာအမျိုးသမီးအလှ" ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ (အပိုင်း-၂)
- ၁၇။ အစီအစဉ်ပြီး၏။

ဗြိတိန်နိုင်ငံက တရုတ်နိုင်ငံသို့ ဟောင်ကောင်ကျွန်း ပြန်လည်လွှဲပြောင်းပေးသည့် ၁၁ နှစ်မြောက် အခမ်းအနား၌ ပါဝင်ဆင်နွှဲနေသည့် ရဟတ်ယာဉ်နှစ်စင်းကို ဇူလိုင် ၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တွင် ၂၀၀၅ ခုနှစ်က သေနတ်ကြောင့်သေဆုံးမှု ၃၀၀၀၀ ကျော်ရှိ ၅၅ ရာခိုင်နှုန်းမှာ ကိုယ့်ကိုယ်ကိုယ် သတ်သေမှုဖြစ်

အတ္တလန္တာ(ဂျော်ဂျီယာ) ဇူလိုင် ၂

ကိုယ်ပိုင်သေနတ်ရှိသူများ အနေဖြင့် အိမ်တွင်းသို့ ကျူးကျော်လာသူအား ခုခံကာကွယ်နိုင်သော အခြေအနေ အခွင့်အလမ်း ရရှိနိုင်သည်ဟူသောအယူအဆဖြင့် အမေရိကန်နိုင်ငံသားများ လက်နက်ကိုင်ဆောင်ခွင့်ကို တရားရုံးချုပ်က ပြီးခဲ့သောသီတင်းပတ်တွင် အတည်ပြုပေးလိုက်သည်။

သို့ရာတွင် သေနတ်ကြောင့် သေဆုံးရသောမှုခင်းများကို လေ့လာသောအခါ လက်နက်ကြောင့် သေဆုံးရသူဦးရေ၏ ထက်ဝက်ကျော်မှာ ကိုယ်ပိုင်သေနတ်ဖြင့် ကိုယ့်ကိုယ်ကိုယ်ပြန်၍ လုပ်ကြံမှုများသာ ဖြစ်နေသည်ကို ထူးခြားစွာ တွေ့ရှိရသည်ဟုဆိုသည်။

ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဗဟိုဌာန၏မှရရှိသော စာရင်းအင်းများအရ ၂၀၀၅ ခုနှစ်တွင် သေနတ်ကြောင့် သေဆုံးရသော အမှုအခင်းပေါင်း ၃၀၀၀၀ နီးပါးရှိသည်ကိုတွေ့ရသည်။ ယင်းအနက် ၅၅ ရာခိုင်နှုန်းသော သေဆုံးမှုများသည် ကိုယ်ပိုင်သေနတ်ဖြင့် မိမိကိုယ်မိမိပြန်၍ ပစ်သတ်သော မှုခင်းများဖြစ်ကြောင်း သိရသည်။

ထိုနှစ်တွင် သေနတ်အသုံးပြုသောလူသတ်မှုကြောင့် သေဆုံးရသော အချိုးအစားမှာ ၄၀ ရာခိုင်နှုန်းရှိပြီး သေနတ်ကြောင့် မတော်တဆသေဆုံးရသောအမှုပေါင်းမှာ သုံးရာခိုင်နှုန်းရှိသည်ကို တွေ့ရသည်။ ကျန်သောနှစ်ရာခိုင်နှုန်းမှာ ဥပဒေဘက်တော်သားများက ရာဇဝတ်မှုနှိမ်နင်းရာ၌ ပစ်ခတ်ဖမ်းဆီးရ၍ သေဆုံးရမှုများဖြစ်သည်ဟုဆိုသည်။

အလားအလာပိုများ

ဖော်ပြပါတွေ့ရှိချက်များနှင့် အခြားလေ့လာချက်များကို ထောက်ရှု၍ သေနတ်ပိုင်ဆိုင်မှုရှိသော အိမ်များတွင် ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်မှုဖြစ်ပွားရန် အလားအလာပို၍ များပြားနေသည်ကို တွေ့ရှိရသည်ဟု ပြည်သူ့ကျန်းမာရေးဆိုင်ရာ သုတေသီများက ကောက်ချက်ချသည်။

အင်တာနက်။

တမီးလ်သူပုန်တို့လက်မှ နယ်မြေများ ပြန်လည်သိမ်းပိုက်

ကိုလံဘို ဇူလိုင် ၃

သီရိလင်္ကာနိုင်ငံ အစိုးရတပ်ဖွဲ့များသည် ရက်ပေါင်းများစွာ အပြင်းအထန် တိုက်ခိုက်ပြီး နိုင်ငံမြောက်ပိုင်းရှိ တမီးလ်ကျားသူပုန်တို့၏ လက်မှ စတုရန်းကီလိုမီတာ ၁၂၀ခန့်အကျယ်အဝန်းရှိသောနယ်မြေကို ပြန်လည်သိမ်းယူနိုင်ခဲ့ကြောင်း စစ်ဘက်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

အစိုးရတပ်ဖွဲ့ဝင်များနှင့် ကျားသူပုန်တို့အကြား ရက်အတန်ကြာ ပြင်းထန်စွာ တိုက်ပွဲဖြစ်ပြီးနောက် အကျိုးဆက်အဖြစ် ဆန်အထွက်ကောင်းသော မန်နာဒေသ တစ်ခုလုံးကို သီရိလင်္ကာတပ်ဖွဲ့များက ထိန်းချုပ်ထားနိုင်ပြီဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြထားသည်။

စုစုပေါင်း စတုရန်းကီလိုမီတာ ၁၂၀ နီးပါးရှိ နယ်မြေအားလုံးကို အစိုးရတပ်ဖွဲ့က သိမ်းပိုက်ထားပြီးဖြစ်ကြောင်း၊ ထိုနယ်မြေတွင် စပါးအထွက်ကောင်းသော လယ်မြေများ ပါဝင်ကြောင်း အဆိုပါကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကင်မရွန်းအကျဉ်းထောင်၌ ပစ်ခတ်မှုဖြစ်ပွား အကျဉ်းသား ၁၆ ဦး သေဆုံး

ယောင်ဒယ် ဇူလိုင် ၂

ကင်မရွန်းနိုင်ငံ ဒူရာလာဆိပ်ကမ်းမြို့ရှိ အကြီးဆုံးအကျဉ်းထောင်၌ ထောင်ဖောက်ပြေးရန် ကြံစည်မှုဖြစ်ရာ လုံခြုံရေးအစောင့်များ ပစ်ခတ်မှုကြောင့် အကျဉ်းသား ၁၆ဦး သေဆုံးကြောင်း တနင်္လာနေ့တွင် နိုင်ငံပိုင်ရေဒီယိုက ထုတ်လွှင့်သည်။

အကျဉ်းသားများသည် ဇွန် ၂၉ ရက်ညပိုင်းက နယူးဘဲလ်အကျဉ်းထောင်မှ လျှပ်စစ်ဓာတ်အားကို ဖြတ်တောက်ပြီး ထွက်ပြေးရန် ကြံစည်သည့်အတွက် ထောင်စောင့်များက မောင်းပြန်ရိုင်ဖယ်ဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းထုတ်လွှင့်ခဲ့သည်။

ဒဏ်ရာရ

ယင်းသို့ဖြစ်ပွားမှုကြောင့် အခြားသုံးဦး ပြင်းထန်စွာ ဒဏ်ရာရရှိပြီး လုံခြုံရေးအစောင့်နှစ်ဦးလည်း ထိခိုက်ဒဏ်ရာ အနည်းငယ်ရရှိသည်။

၃၀၀၀ ကျော်ရှိ

ဒူရာလာမြို့ နယူးဘဲလ်အကျဉ်းထောင်သည် အကျဉ်းသား ၈၀၀ အတွက် ၁၉၃၃ ခုနှစ်က တည်ဆောက်ခဲ့ပြီး လောလောဆယ် ထိန်းသိမ်းထားသူ ၃၀၀၀ ကျော်ရှိရာ ယင်း၏သုံးပုံနှစ်ပုံခန့်သည် တရားရုံးတွင် အမှုရင်ဆိုင်ရန် စောင့်ဆိုင်းနေကြသူများဖြစ်သည်။

ကြံစည်မှု

ယင်းအကျဉ်းထောင်တွင် လွန်ခဲ့သော ခုနစ်လအတွင်းက ထွက်ပြေးရန်ကြံစည်မှု နှစ်ကြိမ် ဖြစ်ပွားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

မွန်ဂိုလီးယားနိုင်ငံ အူလန်ဘာတောမြို့တွင် အကြမ်းဖက်ဆန္ဒပြသူများက မီးရှို့ဖျက်ဆီးသဖြင့် ပျက်စီးသွားသော မော်တော်ယာဉ်အချို့ကို ဇူလိုင် ၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မူးယစ်ဆေးဝါးများ ဝမ်းပိုက်အတွင်း မျိုချသယ်လာသူ ဘရာဇီးနိုင်ငံသားငါးဦး အာဂျင်တီးနား၌ ဖမ်းမိ

ဗျူနိုအေရီ ဇူလိုင် ၃

အာဂျင်တီးနားနိုင်ငံ အီဇီဇာနိုင်ငံတကာလေဆိပ်တွင် မူးယစ်ဆေးဝါး မှောင်ခိုသယ်ဆောင်လာသူ ဘရာဇီးနိုင်ငံသားငါးဦးကို ဖမ်းဆီးခဲ့ကြောင်း၊ မူးယစ်ဆေးဝါးများကို၎င်းတို့၏အစာအိမ်လမ်းကြောင်းထဲ မျိုသိပ်ထည့်၍ သယ်ဆောင်လာခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က တနင်္လာနေ့တွင် ပြောကြားသည်။

အမျိုးသားသုံးဦးနှင့် အမျိုးသမီးနှစ်ဦးသည် အီတလီနှင့် စပိန်သို့ အဆိုပါမူးယစ်ဆေးဝါးများကို သယ်ဆောင်သွားရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

အမျိုးသားများသည် ၎င်းတို့၏ မူးယစ်ဆေးဝါးတောင့်များကို အစာအိမ်ထဲ၌ထည့်၍ ယူခဲ့ခြင်းဖြစ်ပြီးအမျိုးသမီးများသည် ၎င်းတို့၏ သားအိမ်လမ်းကြောင်း၌ ထည့်ကာ မှောင်ခိုသယ်ယူခဲ့ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖမ်းဆီးခံရသူငါးဦးအနက်တစ်ဦး၏ ခန္ဓာကိုယ်ထဲမှ မူးယစ်ဆေးဝါးတောင့် ၇၁ တောင့်ကို ခွဲစိတ်ဖယ်ရှားခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်၌ဖြစ်ပွားသော တိုက်ခိုက်မှုများကြောင့် ယခုနှစ် ပထမခြောက်လ၌ အရပ်သားသေဆုံးမှုများပြား

ကဘူး ဇူလိုင် ၃

အာဖဂန်နစ္စတန်နိုင်ငံတွင် ၂၀၀၈ ခုနှစ်၌ အရပ်သူ၊ အရပ်သားများ သေဆုံးမှု အခြေအနေသည် နှစ်၏ ပထမခြောက်လကာလတွင် ယခင်နှစ် အလားတူကာလကထက် ပိုမိုမြင့်မားနေသည်။

ထိုသို့ဖြစ်ရခြင်းမှာ ယခုနှစ်၏ နှစ်ဝက်ကာလတွင် တာလီဘန်လက်နက်ကိုင်များ၏ တိုက်ခိုက်မှုများပိုမိုတိုးပွားလာခြင်းနှင့် လမ်းဘေးထောင်ဗုံးများ ပေါက်ကွဲမှု အရေအတွက် များပြားလာခြင်းကြောင့်ဖြစ်သည်ဟုကုလသမဂ္ဂအရာရှိများက ဇွန် ၂၉ ရက်တွင် ပြောကြားသည်။

အာဖဂန်အရပ်သားများ သေဆုံးမှုသည် ၂၀၀၇ခုနှစ် ပထမခြောက်လကာလတွင် ၄၃၀သာရှိခဲ့ရာမှ ယခုနှစ် အလားတူကာလတွင် အရပ်သူ၊ အရပ်သားသေဆုံးမှုသည် ၆၉၈ဦး အထိ မြင့်တက်လာသည်။ ထိုသို့ မြင့်တက်လာမှု အတိုင်းအတာသည် ယခင်နှစ် ကထက် ၆၀ ရာခိုင်နှုန်း ပိုမိုများပြား လာခြင်းဟု ကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားသော ကိစ္စများဆိုင်ရာဌာနမှ တာဝန်ရှိသူ လက်ထောက် အတွင်းရေးမှူးချုပ် ဂျွန်ဟုမ်းစ်က ပြောကြားသည်။

မျက်မှောက်ကာလတွင် တာလီဘန်များသည် တိုက်နည်းခိုက်နည်း ပြောင်းလဲကျင့်သုံးလာသည်ကို တွေ့ရသည်။ ၎င်းတို့သည် အပြည်ပြည်ဆိုင်ရာတပ်ဖွဲ့များကို တိုက်ရိုက်မတိုက်ခိုက်တော့ဘဲ လမ်းဘေးဗုံးထောင်ခြင်း၊ အသေခံဗုံးခွဲခြင်းများကို ပိုမိုပြုလုပ်လာသည်။ ***အင်တာနက်။***

အင်္ဂလန်မှ ချက်ရှိုင်းယားလမ်း အန္တရာယ်အရှိဆုံးလမ်းဖြစ်

လန်ဒန် ဇူလိုင် ၃

အင်္ဂလန်နိုင်ငံ ချက်ရှိုင်းယားဒေသတွင် မော်တော်ဆိုင်ကယ်စီးသူများ မကြာခဏ ပြိုင်ပွဲလမ်းကြောင်းအဖြစ် အသုံးပြုကြသော ရှစ်မိုင်ရှည်လျားသည့် လမ်းမကြီးသည် ဗြိတိန်နိုင်ငံ၏အန္တရာယ်အများဆုံးလမ်း ဖြစ်နေကြောင်း၊ အခြားလမ်းများသည်လည်း အန္တရာယ်ကင်းသောလမ်းများ မဟုတ်ကြကြောင်း စစ်တမ်းကောက်ယူချက်အရ သိရှိရသည်။

မက္ကလဲ(စ်)ဖီးလ်နှင့် ဘတ်(စ်)တွန်တို့အကြား မော်တော်ယာဉ်တစ်စီးသာ သွားနိုင်သောလမ်းပေါ်တွင် လူသေဆုံးပြီး ပြင်းထန်စွာ ဒဏ်ရာရရှိသည့် မတော်တဆဖြစ်မှုပေါင်းမှာ ၂၀၀၁ ခုနှစ်မှစ၍ ရေတွက်လျှင် ၄၃ မှု ရှိသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ရှေ့မှုံ The Mirror နိုင်ငံတကာသတင်းများ

ဇူလိုင် ၁ ရက်က တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် အမေရိကန်မှ အမဲသားတင်သွင်းမှုကို ကန့်ကွက်ဆန္ဒပြသူများက ကားတစ်စီးအား မီးရှို့ထားသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လေဘေားသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

✳ ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေးကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။

✳ လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

☆ **မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်**

☆ **BBC ညာနေသည်**
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်

☆ **အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား**

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး	ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း- ၀၆၇ ၄၀၄၀၂၂ နှင့်
ဒုတိယရုံးအဖွဲ့မှူး	ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

"တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အခြားလူမှုရေးအသင်းအဖွဲ့အသီးသီးတို့သည်လည်း ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ယနေ့အထိ ကျေးရွာများအရောက် ကူညီပံ့ပိုးပေးလျက်ရှိ"

နေရေး၊ စားရေး၊ ထွန်ရေး ကြောင့်ကြမှုကင်းဝေးစွာ အချိန်တိုအတွင်း အောင်မြင်မှုရရှိနေသည့် မော်ကျွန်းမြေ

သန်းဇော်၏(သတင်းဆောင်းပါး) စာမျက်နှာ-၄

မော်လမြိုင်ကျွန်းမြို့ ချမ်းမြေ့သာယာရပ်ကွက် အခြေခံပညာမူလတန်းကျောင်း ပြန်လည်ပြုပြင် တည်ဆောက်ပြီးစီးနေမှုကို တွေ့ရစဉ်။